# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 17 May 2022 ၁၀၇၃၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်




နေပြည်တော် မေ ၁၆

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူ ၃၆၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

**ဆေးဝါးကုသမှုများဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၂ ဦး၊ ခွဲစိတ်ရောဂါ ၄၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၂ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၃၁ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၃၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

နယ်လှည့်အထူးကုဆေးအဖွဲ့များက ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ယနေ့ ဖတ်စရာ


**မြန်မာများသိသင့်သော ကုလသမဂ္ဂဆိုင်ရာ အခြေခံအချက်လေးချက်**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲကျင်းပ**





စာမျက်နှာ » ၁၀

**၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့**

ဆောင်းပါး စာမျက်နှာ » ၁၁


## တာဝန်မှကင်းကွာနေသော အခြေခံပညာရေး ဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေး ဦးတည်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ် ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ဆရာမများ လိုအပ်ပါသည်။ ငြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

# ကျောင်းနေအရွယ်အားလုံး ကျောင်းနေရေး

အချိန်တန်အရွယ်ရောက် လူလားမြောက်သည့်အခါ အသက်အရွယ်အလိုက် လုပ်ကိုင်ရမည့်အလုပ်များကို မဖြစ်မနေလုပ်ကိုင်ကြရမည်ဖြစ်သည်။ ပညာရှာချိန် အရွယ်တွင် ပညာရှာ၊ အလုပ်လုပ်ကိုင်ရမည့်အရွယ်တွင် အလုပ်လုပ်ကိုင်ကြရမည် ဖြစ်သည်။ သို့သော် အကြောင်းအမျိုးမျိုးတို့ကြောင့် သူ့အချိန်အခါနှင့် သူ့အသက် အရွယ်အရ လုပ်သင့်လုပ်ထိုက်သောအလုပ်များကို မလုပ်ကိုင်နိုင်ကြသောသူများ အား တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် ကျောင်းနေအရွယ်အားလုံးသည် ပညာသင်ကြားကြရန်အတွက် ကျောင်းနေကြရမည်ဖြစ်သည်။ ကျောင်းနေအရွယ်အားလုံး ကျောင်းနေနိုင်ရန်အတွက် ပညာသင်ကြားရေးကို နိုင်ငံတော်က အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်းပေးလျက် ရှိသည်။ သို့သော် ဘဝအကြောင်းအမျိုးမျိုးတို့ကြောင့် ကျောင်းမနေနိုင်ကြသော သူများလည်းရှိနေသည်။ မည်သို့ပင်ဖြစ်စေ ကျောင်းနေအရွယ်အားလုံး ကျောင်းနေ နိုင်ရန်အတွက် မိဘ၊ ဆရာ၊ ကျောင်းသား အားလုံးပူးပေါင်းလက်တွဲ၍ ကျောင်းနေ နိုင်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

မကြာမီကာလ ၂၀၂၂ ခုနှစ် မေလ ၂၆ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိသည် နိုင်ငံတစ်ဝန်း ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကာလဖြစ်သည်။ ဇွန်လ ၂ ရက်နေ့ တွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်မည်ဖြစ်သည်။ ကျောင်းများဖွင့်လှစ်သည့်အခါ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစား ကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်း မပြုပါ။ ကျောင်းသားမိဘများအနေဖြင့် မိမိတို့သားသမီးများအား ငွေကြေး တစ်စုံတစ်ရာ ကုန်ကျခြင်းမရှိသည့်အပြင် ကျောင်းသား ကျောင်းသူလေးများ လိုအပ်သည့် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများမှအစ ကျောင်းဝတ်စုံ များပါမကျန် ထောက်ပံ့ပေးသွားမည်ဟု သိရသည်။

မိဘအုပ်ထိန်းသူများအတွက် ဝမ်းမြောက်ဝမ်းသာ ကျေနပ်နှစ်သက်စရာ ဖြစ်သည်။ ရှေးယခင်ကာလများက ကျောင်းအပ်ရာသီရောက်ရှိလာလျှင် မိဘ အုပ်ထိန်းသူများမှာ သားသမီးအနည်းအများရှိလျှင်ရှိသလောက် စိုးရိမ်ပူပန်မှုများ ရှိခဲ့ကြသည်။ အခြေခံလူတန်းစားများအဖို့ မိမိတို့၏ ရင်သွေးငယ်သားသမီးများ ကျောင်းနေနိုင်ရေးအတွက် ငွေကြေးဥစ္စာများ ရှာဖွေချေးငှားရာကြံခဲ့ကြရသည်။ အခက်အခဲအကျပ်အတည်းများကြားမှ မိမိတို့၏ သားသမီးများ ပညာသင်ကြား နိုင်အောင် ကြိုးစားရုန်းကန်ခဲ့ကြသည်။ အနည်းဆုံးအဆင့် ပညာတတ်မြောက် နိုင်အောင် ကြိုးစားရုန်းကန်ပေးခဲ့ကြပြီး အရွယ်ရောက်သည့်အခါမှသာ အလုပ် လုပ်ကိုင်ကြရသည်။

ယခုအခါ ပညာသင်ကြားရန်အတွက် ကျောင်းနေရေးတွင် ဘာမျှမလိုအပ်၊ အခက်အခဲများ ဘာမျှမရှိတော့ပေ။ ငွေကြေးအတွက် ပူပန်စရာမလိုဘဲ ဖြောင့်ဖြောင့် တန်းတန်း အေးအေးလူလူ ကျောင်းတက်နိုင်ကြပြီ။ အဓိကမှာ တစ်နှစ်တစ်တန်း ပညာသင်ယူပြီးမြောက်ရန် ကြိုးစားကြရမည်ဖြစ်သည်။ ပညာတတ်လျှင် ဘဝတစ်ခု အဆင့်မြင့်မားတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခု ဖြစ်သည်။ မိမိနှင့် မိမိမိသားစုဘဝ၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံတော်အတွက် အကျိုးပြုနိုင်မည်ဖြစ်သည်။ ယခု ဧပြီလ ၂၄ ရက်နေ့က အခြေခံပညာကျောင်းများ အားလုံး၏အောင်စာရင်းများ ထုတ်ပြန်ပေးခဲ့ပြီး လာမည့်ဇွန်လတွင် အခြေခံပညာ ကျောင်းများ ပုံမှန်ဖွင့်လှစ်တော့မည်ဖြစ်သည်။ လိုအပ်သည့် ဆရာ ဆရာမများ ထပ်မံဖြည့်တင်းပေးရေးနှင့် သင်ကြားမှုအဆင့်မြှင့်တင်ရေးတို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးထားသည်။ ပညာသင်ကြားရေးကို နှောင့်ယှက်ဖျက်ဆီးနေသူတို့ ကိုလည်း တားဆီးဖယ်ရှားပေးလျက်ရှိပြီး ပညာသင်ကြားရေးတွင် စိတ်အေး ချမ်းသာစွာရှိစေရေးကို နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက် ပေးနေသည်။

ယခုအခါ တက္ကသိုလ်၊ ကောလိပ်များအားလုံးကို ဖွင့်လှစ်ပေးလျက်ရှိပြီး အခြေခံပညာကျောင်းများအားလုံးကိုလည်း ဖွင့်လှစ်ပေးတော့မည်ဖြစ်သည်။ နိုင်ငံတော်၏ ပညာရေးကဏ္ဍ ပွင့်လန်းဝေဆာလာတော့မည် ဖြစ်သည်။ အခြေခံ ပညာနှင့် အဆင့်မြင့်ပညာအဆင့် ကျောင်းသား ကျောင်းသူအားလုံး အပြည့်အဝ ကျောင်းနေကြရတော့မည့် တာဝန်ရှိတော့သည်။ ပညာသင်ချိန်အရွယ်တွင် ပညာ ကို ပြီးမြောက်အောင် သင်ကြားအားထုတ်ခြင်းမရှိပါက ကာယကံရှင် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများအတွက် ဆုံးရှုံးနစ်နာမှုများ ဖြစ်ကြရသည်။ နိုင်ငံတော်တွင် အလုပ်လုပ်နိုင်မည့်လုပ်အားများ ဆုံးရှုံးမှုများ ဖြစ်ပေါ်ပြီး တစ်ဦး ချင်းစီနှင့် မိသားစုဘဝများအတွက်ပါ နစ်နာဆုံးရှုံးမှုများ ဖြစ်ကြရသည်။

သို့ဖြစ်ရာ ပညာသင်ကြားခြင်းသည် မိမိဘဝ၊ မိမိမိသားစုဘဝ၊ မိမိပတ်ဝန်း ကျင်နှင့် နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံပျိုးထောင်ပေးခြင်းဖြစ်သည်။ ပညာ မသင်ကြားခြင်းသည် မိမိဘဝ၊ မိမိမိသားစု၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုဖြစ်သည်။ ထို့ကြောင့် ပညာသင်ကြားရမည့် အချိန်အခါအရွယ်တွင် ပညာသင်ကြားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က အတတ် နိုင်ဆုံး ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးနေချိန်တွင် ကျောင်းနေအရွယ်အားလုံး ကျောင်းနေနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း အပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် မေ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ်ရှိ မြဝတီကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ တိုက်ဝါကြီးကျောင်းတိုက် သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ခရိမ်းကြီး ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံ မြို့နယ်ရှိ ဟိုခုံပရိယတ္တိစာသင်တိုက်နှင့် ကွတ်ခိုင်မြို့နယ်ရှိ တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုကျောင်း တိုက်တို့သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတမြို့နယ်တွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ လှူဒါန်းပွဲကျင်းပ

**ဟသ်ာတ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတ မြို့နယ်တွင် မေ ၁၄ ရက် က ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများက စုပေါင်းလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ လှူဒါန်းပွဲကို ဟသ်ာတမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းဝေး ခန်းမ၌ ပြုလုပ်သည်။



**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့် သန်းဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သံဃာတော်အရှင် သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားတွင် ဟသ်ာတ မြို့နယ်အတွင်း သီတင်းသုံးတော်မူကြ သော ဘုန်းတော်ကြီးကျောင်းပေါင်း ၄၇၂ ကျောင်းတို့မှ သံဃာတော် ၁၈၁၁ ပါး၊ သာမဏေ ၁၄၇၆ ပါး စုစုပေါင်း ၃၃၈၇ ပါးနှင့် သီလရှင် ၅၉၅ ပါးတို့အား ဆွမ်းဆန် တော် ၆၆၃ အိတ်၊ဆီ ၁၉၉၁ ပိဿာ၊ ဆား ၇၄၅ ပိဿာနှင့်ပဲ ၁၉၉၁ ပိဿာကို လှူဒါန်း ခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၁၀၀ | ၇၆၀,၀၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၅၀ | ၁,၈၅၁ | ၄,၈၇၉,၆၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၃၀၀ | ၅,၂၅၀,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၇၀ | ၁၇၈,၅၀၀ |
| EFR | ၂,၅၅၀ | ၂,၆၀၀ | ၁၁၅ | ၂၉၆,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၄၀၂ | ၁,၉၉၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၁၆**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၂၈.၇ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၂.၁၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၁၀၈ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၆၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၅၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၉.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၇.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၀.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၉၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်းဆင်းပွဲ ကျင်းပ





**နေပြည်တော် မေ ၁၆**

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ကမာရွတ်မြို့နယ် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးကို ကျောင်းဆင်း တပ်ခွဲက အလေးပြုပြီး စစ်ကြောင်းပုံဖြင့် ချီတက် အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး က ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာ သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိ လောင်း(ရေကြောင်း)ဆုရ သုတစိုး၊ စံပြအရာရှိလောင်း (အင်ဂျင်နီယာ)ဆုရ ဟန်မင်းလတ်၊ ကုန်သွယ် ရေကြောင်းအရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း အားမာန်ဦးနှင့် အင်ဂျင်နီယာ စာပေ ထူးချွန်ဆုရ စွမ်းထက်အောင်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးခဲ့**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ရေကြောင်းဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖြစ်သည့် ကုန်သွယ်ရေကြောင်း အရာရှိလောင်း များကို အားသစ်လောင်းကာ မွေးထုတ်ပေးနိုင်ခဲ့သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် သက်တမ်း အားဖြင့် ရွှေရတု နှစ်(၅၀)ပြည့်ခဲ့ပြီး စတင်တည်ထောင် ချိန်မှ ရွှေရတုကာလအထိ နိုင်ငံတော်အတွက် လိုအပ်သောရေကြောင်းပညာ မျိုးဆက်သစ်များကို စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် သမိုင်း အစဉ်အလာ ကြီးမားခဲ့သော ရေကြောင်းဘက်ဆိုင်ရာ ကောလိပ်ကျောင်းကြီးတစ်ကျောင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် ကျောင်းဆင်းအရာရှိများသည် နိုင်ငံတကာရေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် ကျရာတာဝန်များကို ထမ်းဆောင်လျက်ရှိကြပြီး ဝန်ကြီးဌာနတွင်ရှိသည့် ရေကြောင်းဘက်ဆိုင်ရာ ကဏ္ဍများကို တာဝန်ယူဆောင်ရွက်နေကြသော ဌာနများတွင်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန် ကျေပွန်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံကုန်သွယ် ရေကြောင်း ကောလိပ်အနေဖြင့် သင်တန်းဆင်း အရာရှိလောင်းများ၏ အလုပ်အကိုင် အခွင့်အလမ်း အတွက် နိုင်ငံခြားသင်္ဘောကုမ္ပဏီများနှင့် သဘောတူ စာချုပ်များချုပ်ဆိုပြီး ချိတ်ဆက်ဆောင်ရွက်ပေး လျက်ရှိသည့်အတွက် ကျောင်းဆင်းအရာရှိလောင်း များအားလုံး ရာနှုန်းပြည့် အလုပ်အကိုင်ရရှိလျက်ရှိ ကြောင်း၊ ရေကြောင်းကုန်သွယ်ရေးကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက် အကူပြုသည့် ကဏ္ဍဖြစ်ကြောင်း၊ ရေကြောင်း သွားလာရေးလုပ်ငန်းများအတွက် အရေးပါသည့် ရေကြောင်းပညာရှင်များ မွေးထုတ်ပေးရာတွင် အရည်အချင်းပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း နိုင်သည့် ပညာရှင်များဖြစ်အောင် လေ့ကျင့်မွေးထုတ် ပေးလျက်ရှိကြောင်း၊ ကျောင်းဆင်းအရာရှိလောင်း များအနေဖြင့် ကုန်သွယ်ရေယာဉ်များပေါ်တွင် တာဝန်ထမ်းဆောင်ရာ၌ နိုင်ငံတော်နှင့် နိုင်ငံသား တို့၏ ဂုဏ်သိက္ခာ၊ မိခင်ကျောင်းတော်ကြီး၏ ဂုဏ်သတင်းများ အစဉ်ကောင်းမွန်အောင် ဆောင်ရွက် ကြရန် အလေးထားတိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရန်၊ အနာဂတ်တွင် ထူးချွန်ထက်မြက်သည့်နိုင်ငံသား ကောင်းမျိုးဆက်သစ် ရေကြောင်းလူငယ်များ ဖြစ်အောင် ကြိုးစားကြရန်၊ မိမိနှင့်သက်ဆိုင်သည့် ပညာရပ်များကိုလည်း ခေတ်နှင့်အညီ ကျွမ်းကျင် ပိုင်နိုင်စွာတတ်မြောက်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရန်၊ ရေကြောင်းပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေး ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြား သည်။

**အရာရှိလောင်း ၅၅၁၃ ဦးမွေးထုတ်ပေး**

မြန်မာနိုင်ငံကုန်သွယ် ရေကြောင်းကောလိပ်ကို ၁၉၆၃ ခုနှစ်တွင် ဆိပ်ကြီး၊ သန်လျင်ရေတပ်လေ့ကျင့် ရေးကျောင်း၌ ပထမဦးဆုံး စတင်ဖွင့်လှစ်ခဲ့ပြီး စတင် တည်ထောင်ချိန်မှ ယနေ့အထိ ရေကြောင်းပညာ အရာရှိလောင်း ၂၇၃၄ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း ၂၇၇၉ ဦး စုစုပေါင်းအရာရှိလောင်း ၅၅၁၃ ဦးကို လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ ရေယာဉ် တည်ဆောက်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတွင် ရေယာဉ် လွန်းတင်ပြင်ဆင်နေမှု၊ လွန်းကျင်းအခြေအနေနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ရထား စက်ခေါင်းများပြင်ဆင်ရာတွင် သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ စက်ရုံရှိ အလုပ်ရုံများအလိုက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းမှုရှိစေရေး စနစ်တကျ ဆောင်ရွက်သွား ကြရန် မှာကြားပြီး စက်ခေါင်းစက်ရုံ(အင်းစိန်)၏ စက်ရုံတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မီးရထားဆေးရုံသို့ ရောက်ရှိကာ ဆေးရုံ ဧည့်ခန်းမတွင် ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံအမှာ စကားပြောကြားပြီး ဆေးရုံအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့ပတ်ဒီဇယ်စက်ခေါင်းစက်ရုံ(အင်းစိန်) သို့ရောက်ရှိ ပြီး စက်ရုံဝင်းအတွင်းရှိ ဂျပန်နိုင်ငံမှ ရောက်ရှိလာ သည့် DEMU ရထားတွဲဆိုင်းသစ်များကို ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက တွဲဆိုင်းပါ စက်ခေါင်း၊ တွဲအခြေအနေများကိုရှင်းလင်းတင်ပြသည်။ ထို့နောက် တွဲဆိုင်းပါ စက်ခေါင်းနှင့် တွဲများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❂ တပ်မတော်မှ**

ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေ ခွဲစိတ်လူနာ ခုနစ်ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၄ ဦး တို့ကို ခွဲစိတ်ကုသမှုများဆောင်ရွက်၍ ဓာတ်မှန်ရိုက် လူနာ ၃၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၃ ဦးတို့ကို ရောဂါ ရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့် ဒေသခံ ပြည်သူ ကိုးဦးကို ဆေးရုံရေယာဉ်ပေါ်တွင် ဆေးရုံတင် ကုသပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ ရှေ့ဖုံးမှ**

ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူ ခံထားရသည့် ဆရာ/ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန်ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသောရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည် ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

---

# ဗုဒ္ဓဘာသာအဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၆**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ကကြီးမှူးဖွင့်လှစ်သည့် ဗုဒ္ဓဘာသာအဆင့်မြင့် ယဉ်ကျေးမှုသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနား ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာ ရာဟုထောင့်ရှိ မဟာဗုဒ္ဓဝင်ပြခန်း ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဂေါပကအဖွဲ့ဝင်များ၊ ဆုထူးပန် အဘိဓမ္မာပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးဌေးလွင်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာကြီး ဦးဟန် (မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် နည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးတင်ဝက အမှာစကား ပြောကြားသည်။

ထို့နောက် ဆုထူးပန်အဘိဓမ္မာပြန့်ပွားရေး အသင်းဥက္ကဋ္ဌ ဦးဌေးလွင်က သင်တန်းဖွင့်လှစ်ရခြင်း နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများကို ပြောကြားပြီး သင်တန်းနည်းပြဆရာကြီး ဦးဟန်(မဟာသဒ္ဓမ္မ ဇောတိကဓဇ)က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ မုဒိတာစကားပြောကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ မေ ၂၇ ရက်အထိ ရက်သတ္တပတ် နှစ်ပတ်ကြာမြင့်မည် ဖြစ်သည်။

**ရည်ရွယ်ဖွင့်လှစ်**

အဆိုပါ သင်တန်းကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး ဝန်ထမ်းများ၊ စေတီတော်ကြီး၏ ဝေယျာဝစ္စလုပ်ငန်းများဆောင် ရွက်ရာတွင် ထေရဝါဒ ဗုဒ္ဓဘာသာယဉ်ကျေးမှုဓလေ့ ထုံးစံများကို သိရှိလိုက်နာစေရန်၊ ကိုယ်ကျင့်သီလပိုမို စောင့်ထိန်းလာနိုင်စေရန်နှင့် အများပြည်သူနှင့် ဆက်ဆံပြောဆိုရာတွင် ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေး သိမ်မွေ့စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မှန်ကန်သောသတင်းအချက်အလက်များ ပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး သတင်းပြန်ကြားရေးကောင်တာ ဖွင့်လှစ်ပေး

**နေပြည်တော် မေ ၁၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ မကွေးမြို့မြသလွန်စေတီတော်တွင် ဖွင့်လှစ်ထားရှိမည့် သတင်းပြန်ကြားရေး ကောင်တာဖွင့်လှစ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မှန်ကန်သောသတင်းအချက်အလက်များကို ပေးအပ်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သတင်းပြန်ကြားရေး ကောင်တာများကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ သတင်းအချက်အလက်များ ဖြန့်ချိရာ၌ ခရီးသွားမြှင့်တင်ရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးရန်ဖြစ်သကဲ့သို့ ကွန်ပျူတာဖြင့် အချက်အလက်များကို စုစည်းသိမ်းဆည်းကာ ဖြန့်ဝေပေးရန်လိုအပ်ပါကြောင်း၊ သတင်းပြန်ကြားရေးကောင်တာများတွင် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများသည် ခရီးစဉ်ဒေသများ၏ ဒေသန္တရဗဟုသုတများ ကြွယ်ဝရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မကွေးမြို့ ကောင်းကောင်းဟိုတယ်မှ ဒေါက်တာအေးအေးမော်က မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများအတွက် Wheel Chair များကို ပေးအပ်လှူဒါန်းရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက လက်ခံရယူကာ တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီးက ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ သတင်းပြန်ကြားရေး ကောင်တာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးလေဆိပ်သို့ရောက်ရှိပြီး မကွေးလေဆိပ်အတွင်း ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်ရာတွင် သတင်းအချက်အလက်များ ပေးနိုင်ရေးအတွက် မကွေးလေဆိပ်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော သတင်းပြန်ကြားရေးကောင်တာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းသို့ ရောက်ရှိကာ ကားဝင်းအတွင်းတွင် ခရီးသွားဧည့်သည်များအတွက် သတင်းပြန်ကြားရေးကောင်တာ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားအဆင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုလက်မှတ်ရ ဟိုတယ်သုံးလုံးကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန သင်တန်းခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော မသန်စွမ်းသူများအလုပ်အကိုင် အခွင့်အလမ်းရရှိရေး ကျွမ်းကျင်မှုဆိုင်ရာ လူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် ထောက်ပံ့ကြေးများ ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံညောင်ဦးမြို့ နန်းမြင့်မျှော်စင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြည်တွင်း ပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Heritage Bagan Hotel ၌ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုကာ ပြည်တွင်း ပြည်ပဧည့်သည်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ကျန်းမာဘေးကင်းစွာဖြင့် ဝန်ဆောင်မှုပေးအပ်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သီရိပစ္စယာ ဆာကူရာဟိုတယ်၌ ပြည်တွင်းခရီးသွားများအား လိုက်လံရှင်းလင်းပြသသူများသို့ အသိပညာပေးပွဲ တက်ရောက်ခဲ့ကြသူများနှင့် တွေ့ဆုံပြီး Royal Palace ဟိုတယ်သို့ သွားရောက်ကာ ဟိုတယ်အိပ်ခန်းများနှင့် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ ၂၀၂၂ ခုနှစ် မိုးရာသီအကြို စုပေါင်း သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**မုံရွာ မေ ၁၆**

ပြည်သူများအနေဖြင့် သစ်တောသစ်ပင်များ၏ တန်ဖိုးကို အလေးထား သိရှိနားလည်နိုင်စေရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတု ကောင်းမွန်မျှတရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများ ရရှိစေရေးတို့ကို ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ၂၀၂၂ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မုံရွာတက္ကသိုလ် ဆရာ ဆရာမများကိုယ်စား ပါမောက္ခချုပ်ထံ ပိတောက်ပင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ပျိုးပင်များအား တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပိတောက်ပင်ကို စိုက်ပျိုးပေးပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။



မုံရွာတက္ကသိုလ် ကျောင်းဝင်းအတွင်း ကျင်းပသော ၂၀၂၂ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် လေးပေနှင့်အထက် နှစ်နှစ်သားအရွယ်ရှိ သစ်ပင်မျိုးပေါင်း ၂၂ မျိုး၊ ပျိုးပင်ပေါင်း ၇၁၈ ပင်ကို စုပေါင်းစိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၂ခုနှစ် မိုးရာသီတွင် သစ်တောစိုက်ခင်း ဧက ၈၀ အတွင်း ပျိုးပင် ၇၃၃၅၀၊ အထူးစိမ်းလန်းစိုပြည်ရေး ပျိုးပင် ၃၆၀၀၀၊ အထူးစိမ်းလန်းစိုပြည်ရေး စီမံကိန်း ပျိုးပင် ၃၃၅၀၀ စုစုပေါင်း အပင် ၁၄၂၈၅၀ တို့အား မိုးရာသီအတွင်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း လေးကျောင်းတို့၌ ဆောက်လုပ်ရေး သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ ဘားအံမြို့သင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လည်းကောင်း၊ အောင်ပန်းမြို့သင်တန်းကျောင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လည်းကောင်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့သင်တန်းကျောင်းတွင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်က လည်းကောင်း အသီးသီး တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားကြသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း)သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယခုဖွင့်လှစ်သည့် သင်တန်းကျောင်းများတွင် ဆောက်လုပ်ရေးသင်တန်းသား ၃၅ ဦး၊ လျှပ်စစ်သင်တန်းသား ၄၇ ဦး၊ ဂဟေသင်တန်းသား ၄၇ ဦး၊ မော်တော်ယာဉ်စက်ပြင်သင်တန်းသား ၆၅ ဦးနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းသား ၁၆ ဦး စုစုပေါင်း ၂၁၀ ဖြင့် မေ ၁၆ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများအား အခမဲ့ထောက်ပံ့ သင်ကြားပေးသွားမည် ဖြစ်သည်။

**အခွင့်အလမ်းရရှိ**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်း နှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသားစုစုပေါင်း ၅၆၈၄ ဦးအား သင်ကြားလေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းဆင်းသင်တန်းသား ၃၆၁၁ ဦးအား အလုပ်အကိုင် အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည့် မြန်မာအမျိုးသမီးဘောလုံးအသင်းအား နိုင်ငံတော်ကထပ်မံပေးအပ်သည့် ဂုဏ်ပြုဆုငွေချီးမြှင့်

**နေပြည်တော် မေ ၁၆**

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့တွင် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ Ha Long City ၌ ကျင်းပလျက်ရှိသည့် အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် အမျိုးသားဘော်လီဘော ပြိုင်ပွဲဝင် မြန်မာအားကစားသမားများကို သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

**ဒေါ်လာ တစ်သိန်းပေးအပ်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာတို့၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ ကြိုးစားအားထုတ်မှုကို ပြသယှဉ်ပြိုင်သွားကြရန်၊ အားကစားဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ကြရန်နှင့် အောင်မြင်မှုရရှိသည်နှင့်အမျှ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက စောင့်မျှော် အားပေးဂုဏ်ပြုကြမည်ဖြစ်ကြောင်း ပြောကြားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် မြန်မာအမျိုးသမီး ဘောလုံးအသင်းကို နိုင်ငံတော်က ချီးမြှင့်ငွေအမေရိကန်ဒေါ်လာ တစ်သိန်း ပေးအပ်သည်။




မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အကြို ဗိုလ်လုပွဲ အဖြစ် မေ ၁၈ ရက်တွင် ဗီယက်နမ် အမျိုးသမီးဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟန္နိုင်းမြို့ရှိ Tay Ho အားကစားရုံ၌ ကျင်းပလျက်ရှိသည့် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ယနေ့ပြိုင်ပွဲများအဖြစ် Ha Dong အားကစားရုံ၌ ဘိလိယက်/စနူကာ အားကစားပြိုင်ပွဲများကိုလည်းကောင်း၊ Hanoi National Sport Training Center ၌ မြားပစ်နှင့် သေနတ်ပစ်အားကစားပြိုင်ပွဲများကိုလည်းကောင်း၊ Hanoi Sport Training Center ၌ ပီတန်းအားကစားပြိုင်ပွဲကိုလည်းကောင်း၊ Hoang Mai အားကစားရုံ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲများကိုလည်းကောင်း၊ Bac Ninh အားကစားရုံ၌ လက်ဝှေ့အားကစားပြိုင်ပွဲများကိုလည်းကောင်း ကျင်းပလျက်ရှိပြီး မြန်မာအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ဦးပေါက်စက ဗိုလ်လုပွဲနှင့် အမျိုးသား အမျိုးသမီးသုံးယောက်တွဲ ပီတန်းပြိုင်ပွဲတွင် မြန်မာအသင်းက အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

**အဆင့် (၇) တွင်ရပ်တည်လျက်ရှိ**

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်ကိုးခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၁၈ ခုဖြင့် နိုင်ငံအလိုက်အဆင့်ရပ်တည်မှု အဆင့် (၇)တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားသမားအဖွဲ့ ပထမအသုတ်အား ကြိုဆို




**ရန်ကုန် မေ ၁၆**

မေ ၁၂ ရက်မှ ၂၃ ရက် အထိ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့နှင့် အခြားဆက်စပ် မြို့များတွင် ကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာ အားကစားသမားအဖွဲ့ ပထမ အသုတ်သည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှား လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန်၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ နှင့် မိဘပြည်သူများက ဂုဏ်ပြုကြိုဆိုကြသည်။

**ပြန်လည်လိုက်ပါလာ**

ပြန်လည် ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် ပြိုင်ပွဲအသီးသီး၌ ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် Kurash အားကစားနည်း (73Kg) ပြိုင်ပွဲဝင် ဖြိုးဆွေဇင်ကျော်၊ ဝူရှူးအားကစားနည်း အမျိုးသမီး တစ်ဦးချင်း ချန်းဆုပြိုင်ပွဲဝင် စန္ဒီဦး ၊ ဆန်းဆို(60Kg) ပြိုင်ပွဲဝင် စုလှိုင်ဝင်း၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ (+80Kg) ပြိုင်ပွဲဝင် မင်းဇော်ဦး၊ (+85Kg) ပြိုင်ပွဲဝင်ခင်မောင်ကျော် နှင့် ကြေးတံဆိပ်ဆု ရရှိခဲ့ကြသည့် Kurash အားကစားနည်း (48Kg) ပြိုင်ပွဲဝင် ခင်ခင်စု၊ (70Kg) ပြိုင်ပွဲဝင် စိုးမြင့်ထွန်း၊ ပီတန်း အားကစားနည်း Men Shooting ပြိုင်ပွဲဝင် ဝင်းသူရိန်ထွန်း၊ လှေလှော် အားကစားနည်း အနောက်တိုင်း လှေလှော် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲဝင် ရွှေစင်လတ်၊ နီလာဝင်း ၊ (အရန်) စန္ဒာရွှေ၊ အနောက်တိုင်း လှေလှော် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲဝင် ရွှေစင်လတ်နှင့် နီလာဝင်း၊ (အရန်) အိဖြူ ၊ အမျိုးသမီး (၄)တက်လှော် ပြိုင်ပွဲဝင် အိဖြူ ၊ စန္ဒာရွှေ ၊ ချစ်ဖူးငုံ နှင့် ဝင်းသူဇာသိန်း ၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်း (55Kg) ပြိုင်ပွဲဝင် ကျော်မင်းသန်း၊ ဝူရှူးအားကစားနည်း ဆန်းဆို (55Kg) ပြိုင်ပွဲဝင် ချယ်ရီသန်း၊ ဆန်းဆို (70Kg) ပြိုင်ပွဲဝင် မျိုးမင်းထက်တို့နှင့် အတူ E-Sports ၊ ပြေးခုန်ပစ် ၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများနှင့် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးများ ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အစွမ်းကုန်ကြိုးစားနေကြသော ပြိုင်ပွဲဝင် အားကစားသမားများကို နိုင်ငံတော်က ဆုတံဆိပ်ရရှိသည်နှင့် တစ်ပြိုင်နက် ပြိုင်ပွဲကွင်းအတွင်း၌ပင် တစ်ဦးချင်းပြိုင်ပွဲ ရွှေတံဆိပ် တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀၊ ငွေတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ၊ ကြေးတံဆိပ် တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိပါက တစ်ဦးချင်းစီ အမေရိကန်ဒေါ်လာ ၁၀၀၀ ၊ ငွေတံဆိပ်ဆုရရှိပါက တစ်ဦးချင်းစီ အမေရိကန်ဒေါ်လာ ၇၅၀ ၊ ကြေးတံဆိပ်ဆုရရှိပါက တစ်ဦးချင်းစီ အမေရိကန်ဒေါ်လာ ၅၀၀ နှုန်းဖြင့် ထပ်ဆောင်းချီးမြှင့်ကြောင်း သိရသည်။

**သတင်းစဉ်**

---




# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ ပဥ္စမအသုတ်ဆက်လက်ထွက်ခွာ

**ရန်ကုန် မေ ၁၆**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့နှင့် အခြားဆက်စပ်မြို့များ၌ မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ ပဥ္စမအသုတ်သည် ယနေ့နံနက် ၁၀ နာရီတွင် မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာကြရာ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာအားကစားအဖွဲ့ပဥ္စမအသုတ်တွင် ဂျူဒိုအားကစားနည်းမှအမျိုးသားကိုးဦး၊ အမျိုးသမီး လေးဦး၊ ဗိုဗီနမ်အားကစားနည်းမှ အမျိုးသား ၁၇ ဦး၊ အမျိုးသမီးရှစ်ဦး၊ အလေးမ အားကစားနည်းမှ အမျိုးသားလေးဦး၊ အမျိုးသမီးလေးဦးတို့ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာများ သိသင့်သော ကုလသမဂ္ဂဆိုင်ရာ အခြေခံအချက်လေးချက်

**ဒေါက်တာရင်ရင်နွယ်**

ဤဆောင်းပါးကို ရေးရခြင်းမှာ မြန်မာနိုင်ငံသားများ ကုလသမဂ္ဂအကြောင်းကို ယခုထက် ပိုမိုသိစေလိုသောကြောင့်ဖြစ်သည်။

မြန်မာအများစုသည် ဤအဖွဲ့အစည်းကြီးကို အဖြစ်မှန်ထက် အထင်ကြီးနေသည်။ ယင်းအဖွဲ့အစည်းတွင် စွမ်းဆောင်နိုင်မှုမရှိသည့် လုပ်ငန်းများကို လုပ်ဆောင်ရန် မြန်မာအချို့က အားကိုးနေကြသည်။ စင်စစ်မှာကား ကျွန်မလေးစားသော ဝန်ကြီးတစ်ပါးပြောသလို "ကုလသမဂ္ဂသည် ကမ္ဘာကိုအုပ်ချုပ်နေသော ကမ္ဘာ့အစိုးရမဟုတ်။ အစိုးရအသီးသီးတို့၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့သာဖြစ်သည်။" (The United Nations is not a world government. It is an organization composed of government representatives.)

ထို့ကြောင့်လည်း ကုလသမဂ္ဂကို တစ်သားတည်းရှိနေသော "monolithic" အဖွဲ့အစည်းဟု ထင်လျှင် မှားမည်။ ကုလသမဂ္ဂပဋိညာဉ်၏ ပုဒ်မ(၂)အရ နိုင်ငံတော်၏အချုပ်အခြာအာဏာစက်အတွင်း၌ရှိသော အရေးကိစ္စများကို ကုလသမဂ္ဂသည် ဝင်ရောက်စွက်ဖက်ခွင့်မရှိချေ။ [၁]

**(၁) ကုလသမဂ္ဂကိုတွန်းအားပေးသော အနောက်အုပ်စုသည် မြန်မာပြည်ကို တစ်မူထူး ဖိနှိပ်ဆက်ဆံသည်**

**၁၉၈၈ နောက်ပိုင်း မြန်မာပြည်အပေါ် ကျင့်သုံးသောမူဝါဒ။** ကုလသမဂ္ဂနှင့် အနောက်အုပ်စုသည် ၁၉၈၈ ခုနှစ်မှစ၍ မြန်မာပြည်အပေါ် ကျင့်သုံးနေသော မူဝါဒမှာ "Myanmar Exceptionalism"ဟူ၍ သမ္မတကြီးဦးသိန်းစိန်ခေတ်၊ ကုလသမဂ္ဂ – အာဆီယံအစည်းအဝေးတစ်ခု၌ ကျွန်မ စတင်ပြောခဲ့သည်။ ဥပမာများဖြင့် ပြပါက ပိုရှင်းလင်းမည်ဟုထင်ပါသည်။ (က) အခြားနိုင်ငံများတွင် စစ်တပ်အာဏာသိမ်းမှုများရှိသော်လည်း မြန်မာပြည်၏စစ်အစိုးရနှင့် တပ်မတော်ကိုသာ ပြစ်တင်ရှုတ်ချသည်။ ရုရှားနှင့် တရုတ်က ကာကွယ်ပေးသောကြောင့် ကုလသမဂ္ဂပိတ်ဆို့မှုများ (sanctions) အပြည့်မလုပ်နိုင်ခဲ့သော်လည်း အနောက်နိုင်ငံများက ပိတ်ဆို့မှုများ (sanctions) လုပ်ခဲ့သည်။ အကျိုးဆက်မှာ စစ်အစိုးရမပြောင်း၊ ပြည်သူများသာ ပိုမိုဆင်းရဲသွားသည်။ ဤသင်ခန်းစာကိုမမှတ်ဘဲ ယခုလည်း ပိတ်ဆို့မှုများ ဆက်လုပ်သည်။ (ခ) အခြားနိုင်ငံများ (ဥပမာ– တရုတ်၊ ဗီယက်နမ်၊ လာအို)တွင် တစ်ပါတီစနစ်များ ရှိနေပါလျက်နှင့် မြန်မာပြည်နိုင်ငံရေးကိုသာ ဖိအားပေါင်းစုံပေး ဝင်စွက်ခဲ့သည်။ (ဂ) မြောက်မြားစွာသော နိုင်ငံများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အာဏာရှင်စနစ်များ ရှိကြသော်လည်း မြန်မာပြည်ကိုသာ မီးမောင်းထိုး၊ ပြစ်တင်ရှုတ်ချပြီး "မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်"သာ ခန့်သည်။ အိမ်နီးချင်းနိုင်ငံများအတွက်ကား "ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်" ခန့်သည်ဟု မကြားဖူးပါ။

**Myanmar Exceptionalism ဟူသည်မှာ။** နိုင်ငံရေးသိပ္ပံလေ့လာသူများသုံးသည်မှာ "American Exceptionalism" ဟူသော စကားဖြစ်သည်။ ဆိုလိုသည်မှာ အမေရိကန်သည် အခြားနိုင်ငံများလိုက်နာသော နိုင်ငံတကာစာချုပ်၊ စည်းကမ်းများကို မလိုက်နာဘဲ မိမိအကျိုးစီးပွားအတွက် လိုအပ်သလို ချိုးဖောက်သည်။ ဥပမာ – အခြားတိုင်းပြည်များကို အမေရိကန်က စစ်ဝင်တိုက်သည်။ Myanmar Exceptionalism ဟူသော စကားရပ်တွင်ကား အနောက်အုပ်စု၊ အချို့အာဆီယံနိုင်ငံများနှင့် ကုလသမဂ္ဂတို့သည် မြန်မာနိုင်ငံကို အခြားတိုင်းပြည်များထက် ပိုမိုဖိနှိပ်၍ အငြိုးများဖြင့် တစ်မူထူး ဆက်ဆံနေသည်ကို ဆိုလိုသည်။

**(၂) ကုလသမဂ္ဂသည် တရားမျှတမှုမရှိသော အဖွဲ့အစည်းဖြစ်သည်**

ကုလသမဂ္ဂသည် အင်အားကြီး၍ ပိုက်ဆံပေးနိုင်သောနိုင်ငံများ ကျက်စားရာ အဖွဲ့အစည်းဖြစ်သည်။ ကုလသမဂ္ဂနှင့်ပတ်သက်နေသော သမိုင်းဖြစ်စဉ်များကိုကြည့်ခြင်းဖြင့် သိနိုင်သည်။

**တရုတ်ပြည်၏ ကုလသမဂ္ဂသမိုင်း။** ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်တွင်းစစ်ကို မော်စီတုံးဦးဆောင်သော ကွန်မြူနစ်များ နိုင်ခဲ့သည်။ ချန်ကေရှိတ်ဦးဆောင်သော ကိုမင်တန်အဖွဲ့သည် ထိုင်ဝမ်ကျွန်းသို့ ဆုတ်ခွာခဲ့ရသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၇၁ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂသည် ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာမျှမရှိဘဲ ကုလသမဂ္ဂ၌ ထိုင်ဝမ်ကျွန်းရှိ ကိုမင်တန်အစိုးရကသာ တရုတ်ပြည်ကို ကိုယ်စားပြုသည်ဟု ချမှတ်ခဲ့သည်။ ဆိုလိုသည်မှာ မြေဧရိယာ စတုရန်းကီလိုမီတာ ၉ ဒသမ ၄ သန်း၊ ထိုစဉ်က လူဦးရေ ၅၆၇ သန်းကို အုပ်ချုပ်နေသော တရုတ်ပြည်မကြီးအစိုးရကို အသိအမှတ်မပြုဘဲ စတုရန်းကီလိုမီတာ သုံးသောင်းခွဲရှိသော ကျွန်းလေး၊ လူဦးရေ ၇ ဒသမ ၉ သန်းကိုသာ အုပ်ချုပ်သော ထိုင်ဝမ်အစိုးရသည် "တရုတ်ပြည်"ကို ကိုယ်စားပြုသည်ဟု ကုလသမဂ္ဂက မဲပေးဆုံးဖြတ်ခဲ့သည်။ အနှစ် ၂၀ အတွင်း ကုလသမဂ္ဂသည် အမေရိကန်ဖိအားကြောင့် ထိုင်ဝမ်အစိုးရကိုသာ အသိအမှတ်ပြုသည့်မဲ အကြိမ်ကြိမ်ပေးခဲ့သည်။ ၁၉၇၁ ခုနှစ်၌သာလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကုလသမဂ္ဂတွင် နေရာရလာသည်။ ထိုစဉ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဆန့်ကျင်မဲပေးခဲ့သော အာရှနိုင်ငံများမှာ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်၊ ဂျပန်တို့ဖြစ်၍ မည်သည့်ဘက်မှ မဲမပေးခဲ့သော အာရှနိုင်ငံများမှာ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားတို့ဖြစ်ခဲ့သည်[၂]။ မြန်မာပြည်ကား ၁၉၅၀ ပြည့်နှစ်ကတည်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကို အသိအမှတ်ပြုခဲ့သည်။

**ကမ္ဘောဒီးယားနိုင်ငံ၏ ကုလသမဂ္ဂသမိုင်း။** ခမာနီ (Khmer Rouge)တို့သည် ကမ္ဘောဒီးယားနိုင်ငံကို ၁၉၇၅ ခုနှစ်မှ စတင်သိမ်းပိုက်အုပ်ချုပ်ရာ သုံးနှစ်အတွင်း လူဦးရေ ၇ ဒသမ ၅ သန်းအနက် ၁ ဒသမ ၇ သန်းကျော်ကို နှိပ်စက်သတ်ဖြတ်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် မစ္စတာဟွန်ဆန်ဦးဆောင်သောအုပ်စုသည် ဗီယက်နမ်အကူအညီဖြင့် ကမ္ဘောဒီးယားရှိခမာနီတို့ကို စစ်နိုင်ခဲ့၍ အာဏာယူခဲ့သည်။ အနောက်အုပ်စုများသည် ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ခမာနီကိုသာ အသိအမှတ်ပြု၍ စင်စစ် ကမ္ဘောဒီးယား၏ နယ်မြေကို ထိန်းချုပ်အုပ်စိုးနေသော မစ္စတာဟွန်ဆန်၏အစိုးရကိုလက်မခံခဲ့ချေ။ တရုတ်နှင့် ထိုစဉ်က အာဆီယံနိုင်ငံများ (အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ၁၉၈၄ ခုနှစ်နောက်ပိုင်း ဘရူနိုင်း) တို့သည် အနောက်အုပ်စုများဘက်လိုက်၍ ခမာနီတို့ကိုသာ မဲပေးခဲ့သည်[၃]။ (တရုတ်မှာ ထိုစဉ်က ဗီယက်နမ်–ဆိုဗီယက်နှင့် မတည့်ချေ။) ထို့ကြောင့် ကုလသမဂ္ဂသည် နယ်မြေထိန်းချုပ်မှုမရှိတော့သည့် ခမာနီတစ်ဖွဲ့တည်းကိုသာ တောက်လျှောက် ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ကိုယ်စားလှယ်အဖြစ် ထိုင်ခုံပေးခဲ့သည်။ ၁၉၉၃ ခုနှစ်ရောက်မှသာလျှင် ခမာနီအဖွဲ့ ကုလသမဂ္ဂမှ အပြီးအပိုင်ထုတ်ပယ်ခြင်းခံရသည်။

**ကမ္ဘာ့ဇာတ်ခုံပေါ် အမေရိကန်ပြည်ထောင်စု၏ လုပ်ရပ်များ။** အမေရိကန်ပြည်ထောင်စုသည် ၁၉၄၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အနည်းဆုံး ၅၇ ကြိမ် အခြားနိုင်ငံများတွင် မိမိမနှစ်သက်သော အစိုးရများ ပြုတ်ကျရန် ဝင်ရောက်စွက်ဖက်ခဲ့သည်[၄]။ ဝင်စွက်မှုအသွင်သဏ္ဌာန်များမှာလည်း (က)မိမိဘက်တွင် စစ်တပ်က ရပ်တည်နေပါက တပ်ကိုအာဏာသိမ်းစေခြင်း၊ (ခ)မိမိကိုယ်တိုင် တိုင်းတစ်ပါးကိုအတိအလင်း စစ်ကြေညာ၍ စစ်ဝင်တိုက်ခြင်း၊ (ဂ) အကြမ်းဖက်အုပ်စုများကို ငွေကြေးလက်နက်များ၊ အကြံပေးပုဂ္ဂိုလ်များဖြင့် ထောက်ပံ့ခြင်း၊ (ဃ) စစ်မကြေညာဘဲခိုးဝင်၍ စစ်တိုက်ခြင်း သို့မဟုတ် လူသတ်ခြင်းတို့ဖြစ်သည်။

အမေရိကန်သည် မိမိကိုယ်တိုင် "ဒီမိုကရေစီနိုင်ငံ" ဟု ကြွေးကြော်နေသော်လည်း အခြားနိုင်ငံများအပေါ် မတရားမှုများလုပ်ရုံသာမက ထိုနိုင်ငံများရှိ လူအမြောက်အမြားကို သေကျေပျက်စီးစေခဲ့သည်။ နဂိုက မိမိနှင့်မဆိုင်ခဲ့သော်လည်း အမေရိကန်တပ်များ မတရားတိုက်ခဲ့သည့် အီရတ်စစ်၊ ဗီယက်နမ်စစ်၊ လျှို့ဝှက်လာအိုစစ် (Secret war in Laos) အစရှိသော ဥပမာများ မှတ်တမ်းတင်ပြီးသားရှိပါသည်။ ကုလသမဂ္ဂသည်လည်း ထိုကဲ့သို့ အင်အားကြီးနိုင်ငံများ ဩဇာလွှမ်းမိုးနေသည့်အတွက် တရားမျှတသော အဖွဲ့အစည်းမဖြစ်နိုင်။

**(၃) ကုလသမဂ္ဂသည် နိုင်ငံများကို ထိရောက်စွာ ကူညီနိုင်မှုအားနည်းသည်**

**ရရှိသောငွေပမာဏ။** ကုလသမဂ္ဂအဖွဲ့အစည်းများသည် ယင်းတို့ဖော်ပြနေသလောက် ဘဏ္ဍာငွေမရှိသည့်အပြင် ရှိသည့်ငွေကိုသုံးစွဲရာ၌လည်း ထိန်းချုပ်မှုများရှိသည်။ ဥပမာ – တစ်ချိန်က ကျွန်မ ၂၁ နှစ် တာဝန်ထမ်းဆောင်ခဲ့သော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ကို ကြည့်ပါ။ UNICEF သည် မိမိ၏ဘုတ်အဖွဲ့ (Executive Board) ထံ တင်ပြသော မြန်မာနိုင်ငံအတွက် ဘတ်ဂျက်သည် ၂၀၁၈–၂၀၂၂ ငါးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၅ သန်းဟု ပြထားသည်[၅]။ သို့သော် စင်စစ်တွင် UNICEF–ရန်ကုန်ရုံးက ကြိုက်သလိုသုံးစွဲနိုင်သော ဘတ်ဂျက်သည် ငါးနှစ်တာအတွက် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၇ သန်း (တစ်နှစ်လျှင် ၁၅ ဒသမ ၃ သန်း) သာရှိ၍ ကျန် ၁၃၀ ဒသမ ၈ သန်းကို အလှူခံရမည့် သဘောရှိသည်။ ရရှိလာသော ငွေကြေးများကိုလည်း အလှူရှင်နိုင်ငံလိုချင်သလို (အိမ်ရှင်မြန်မာအစိုးရက သဘောတူခွင့်ပြုမှ) သုံးစွဲခွင့်ရှိသည်။ ထို့ကြောင့်လည်း ကျွန်မသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဌာနေကိုယ်စားလှယ်ဖြစ်ခဲ့စဉ်က တရုတ်–မြောက်ကိုရီးယား နယ်စပ်ဒေသများအတွက် အမေရိကန်အစိုးရက လှူလိုသည့် အမေရိကန်ဒေါ်လာ တစ်သိန်းကျော်ကို ငြင်းခဲ့ပါသည်။

**"မြန်မာပြည်အတွက်" ဘတ်ဂျက်များကို သုံးစွဲပုံ။** ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုက "မြန်မာပြည်အတွက်" ဟုပြထားသောငွေပမာဏတွင် ထိုအဖွဲ့အစည်း၏ ရုံးနှင့်ဝန်ထမ်းစရိတ် အမြောက်အမြား ပါဝင်သည်။ ဥပမာ– ပရောဂျက်ဝန်ထမ်းများ၏ လစာနှင့် (နိုင်ငံခြားသားဆိုလျှင်) ယင်းတို့၏ အိမ်လခ တစ်စိတ်တစ်ပိုင်းနှင့် ကလေးကျောင်းစရိတ်များ၊ ပရောဂျက်ရုံးကားများ၊ ပြည်တွင်းနှင့် နိုင်ငံခြားခရီးစရိတ်များ အစရှိသဖြင့်ပါဝင်သည်။ (ရုံးငှားခနှင့် ဌာနေကိုယ်စားလှယ်၏ရုံးခန်းမှ ဝန်ထမ်းများလခကိုမူ အိမ်ရှင်အစိုးရကို ချမပြသော သီးခြား Support ဘတ်ဂျက်ရှိသည်။)

ရုံးသုံးစရိတ်များနှင့် ဝန်ထမ်းစရိတ်များကို နုတ်ပြီးပါက ကျန်ဘတ်ဂျက်ကို ကုလသမဂ္ဂအဖွဲ့အစည်းများသည် အောက်ပါအတိုင်းသုံးစွဲသည် – (၁) ယင်းတို့၏ ပရောဂျက်များအတွက် အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၊ သင်တန်းများ အစရှိသည်တို့နှင့် ထောက်ပံ့ပစ္စည်းများ၊ (၂) နှစ်သက်ရာINGO/NGO အဖွဲ့များထံသို့ ဆင့်ကဲဆင့်ကဲ ပရောဂျက်များအတွက် ငွေကြေးများ၊ NGO ဝန်ထမ်းအချို့၏လစာများ၊ ကားများ၊ တစ်ဆင့်စီတွင် NGO အသီးသီး၏ စီမံခန့်ခွဲ (overhead) စရိတ်များ၊ (၃) "နည်းပညာအထောက်အပံ့" (technical assistance) ဟုခေါ်သော "ကျွမ်းကျင်ပညာရှင်"/ အကြံပေးများအတွက် စရိတ်များ အစရှိသည်တို့ဖြစ်သည်။

**ကုန်ကျငွေနှင့်ရရှိသောရလဒ်။** မြန်မာပြည်သူလူထုအတွက် ထိုက်တန်ထိရောက်သော အကူအညီမျိုးဖြစ်၊ မဖြစ်ကို ဆုံးဖြတ်နိုင်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများ အသုံးပြုခဲ့သော ငွေပမာဏနှင့် ၎င်းတို့ ရရှိခဲ့သောရလဒ်များကို နှိုင်းယှဉ်သင့်သည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း ရုံး/ဝန်ထမ်းစရိတ်များနှင့် သီးခြားဘတ်ဂျက်အမျိုးမျိုးတို့ကြောင့် မြန်မာနိုင်ငံအစိုးရထံ တင်ပြထားသော "ဘတ်ဂျက်"များကို နားလည်ရန်ခက်ခဲသည်။ အသုံးပြုခဲ့သော ငွေပမာဏကိုသိလိုလျှင် ကုလသမဂ္ဂအဖွဲ့အစည်းများ "ကိုယ်တိုင်ပရိုမိုးရှင်း" (self–promotion)လုပ်ရန် အင်တာနက်ပေါ်တွင် တင်ထားသော "နှစ်စဉ်ရလဒ် အစီရင်ခံစာ" ကို ကြည့်ပါက ပိုနားလည်လွယ်သည်။

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်အတွက် မြန်မာပြည်ရှိ ကုလသမဂ္ဂအဖွဲ့အားလုံး၏ ကုန်ကျငွေ (Programmable expenditure) သည် **အမေရိကန်ဒေါ်လာ ၅၀၈ သန်း**ဟု သိရသည်[၆]။ အဓိကရလဒ်များကို ထိုအစီရင်ခံစာ၌ပင် ပြထားသည်။

**စာမျက်နှာ ၇ သို့** ■

**မြန်မာပြည်သူလူထုအတွက် ထိုက်တန်ထိရောက်သော အကူအညီမျိုးဖြစ်၊ မဖြစ်ကို ဆုံးဖြတ်နိုင်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများ အသုံးပြုခဲ့သော ငွေပမာဏနှင့် ၎င်းတို့ ရရှိခဲ့သောရလဒ်များကို နှိုင်းယှဉ်သင့်သည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း ရုံး / ဝန်ထမ်း စရိတ်များနှင့် သီးခြားဘတ်ဂျက်အမျိုးမျိုးတို့ကြောင့် မြန်မာနိုင်ငံအစိုးရထံ တင်ပြထားသော "ဘတ်ဂျက်"များကို နားလည်ရန်ခက်ခဲသည်။ အသုံးပြုခဲ့သော ငွေပမာဏကိုသိလိုလျှင် ကုလသမဂ္ဂအဖွဲ့အစည်းများ "ကိုယ်တိုင်ပရိုမိုးရှင်း" (self-promotion) လုပ်ရန် အင်တာနက်ပေါ်တွင် တင်ထားသော "နှစ်စဉ်ရလဒ် အစီရင်ခံစာ"ကိုကြည့်ပါက ပိုနားလည်လွယ်**

■ စာမျက်နှာ ၆ မှ

ဥပမာ (၁) တောင်သူလယ်သမား ၂ ဒသမ ၈ သန်းအတွက်ချေးငွေများ၊ (၂) ကိုဗစ်ထိန်းချုပ်ရန် နှာခေါင်းစည်း ၄၀ ဒသမ ၅ သန်း၊ လက်အိတ် ၂ ဒသမ ၄ သန်း၊ ပီပီအီးဝတ်စုံ ၅၄၄၀၆ စုံ အစရှိသော အထောက်အကူပစ္စည်းများ၊ (၃) လူဦးရေ ၁ ဒသမ ၇၇ သန်းအတွက် ကျန်းမာရေးအထောက်အကူ၊ (၄) လူဦးရေ ၃၉၀၀၀၀ အတွက် သန့်ရှင်းသောသောက်သုံးရေ၊ (၅) ဆင်းရဲသော အိမ်ထောင်စုပေါင်း ၄၃၆၄၁၂ စုနှင့် မိခင်နှင့်ကလေး ၂၂၂၅၂၇ ယောက်အတွက် ငွေကြေးထောက်ပံ့မှုများ (cash transfers)၊ (၆) လူဦးရေ ၉၃၀၀၀၀ ကျော်အတွက် စားနပ်ရိက္ခာ ထောက်ပံ့မှုများ အစရှိသည်တို့ပါ၍ ကျန်ရလဒ်များကိုလည်း အစီရင်ခံစာတွင်ကြည့်နိုင်ပါသည်။

ယေဘုယျအားဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများသည် ဆင်းရဲသောနိုင်ငံများတွင် လိုအပ်နေသော အခြေခံအဆောက်အအုံ (infrastructure) အကြီးစားများကိုဆောက်ပေးရန် ငွေပမာဏ မလုံလောက်၍ အသေးစားအဆောက်အအုံများ (ဥပမာ- အဝီစိရေတွင်းများ၊ အိမ်သာများ) သာ ဆောက်ပေးနိုင်သည်။ အထက်ဖော်ပြပါ အထောက်အကူများသည် မြန်မာများအတွက် အကျိုးရှိကြောင်း ငြင်းမရပါ။ သို့သော်လည်း တစ်နှစ်အတွင်း ကုန်ကျငွေပမာဏ အမေရိကန်ဒေါ်လာ ၅၀၈ သန်းနှင့် နှိုင်းယှဉ်၍ပြောရမည်ဖြစ်သည်။

**အကျိုးခံစားရသောမြန်မာပြည်၏လူဦးရေ။** ပထမအနေဖြင့် အမေရိကန်ဒေါ်လာ ၅၀၈ သန်း ကုန်ကျခဲ့သည်ဟူသော အကူအညီကို ရရှိခဲ့သော လူဦးရေသည် မည်သူမဆို မေးစရာဖြစ်နေသည်။ နှိုင်းယှဉ်ပြောမည်ဆိုလျှင် ၂၀၁၅ ခုနှစ် မြို့နယ်ပေါင်း (၄၀) ရေကြီးရေလျှံသဘာဝဘေးဒုက္ခကြီးအတွက် အချိန်၊ လုပ်အား၊ စားနပ်ရိက္ခာများ၊ ငွေများကို မြန်မာအစိုးရ၊ မြန်မာလူထု၊ ပြည်တွင်းလုပ်ငန်းရှင်များ၊ သံဃာတော်များနှင့် တပ်မတော်သားများက လပိုင်းအတွင်းကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းမြောက်မြားစွာကို တစ်တပ်တစ်အား အောင်မြင်စွာဆောင်ရွက်ခဲ့သည်။

ထိုစဉ်က မြန်မာအစိုးရသည် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေမှ ငွေကျပ် ၄၂ ဒသမ ၂ ဘီလီယံ၊ နိုင်ငံတော် အစိုးရထံမှ ငွေကျပ် ၆ ဒသမ ၅ ဘီလီယံနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ငွေကျပ် ၂ ဒသမ ၃ ဘီလီယံ၊ စုစုပေါင်း ငွေကျပ် ၇၁ ဘီလီယံ ချပေးခဲ့သည်[၇]။ ၂၀၁၅ အောက်တိုဘာလ ၅ ရက်နေ့ ဒေါ်လာနှုန်းဖြင့် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂ သန်းခန့်သာရှိသည်။ ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ငွေသား၊ စားနပ်ရိက္ခာ၊ ထောက်ပံ့ပို့ဆောင်ရေး အစရှိသော ထောက်ပံ့မှုများလည်း ရရှိခဲ့သည်။

ထိုထောက်ပံ့မှုများသည် အစိုးရထံမှ သုံးစွဲခဲ့သော ငွေတန်ဖိုး ၂၀ ရာခိုင်နှုန်းထက်မပိုဟု ခန့်မှန်းရသည်[၈]။

သို့ဖြစ်လျှင် ပြည်တွင်းမှ အစိုးရနှင့်ပြည်သူအားလုံးထံမှရရှိသော ထောက်ပံ့မှုများမှာ ထိုစဉ်က **အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၂ သန်းသာဖြစ်ပြီး** မြို့နယ်ပေါင်း ၄၀ အတွင်းရှိ လူဦးရေ စုစုပေါင်း ၅ သန်းကျော်ကို ကူညီထောက်ပံ့ခဲ့သည်။ ယင်းထောက်ပံ့မှုများအနက် ဟားခါးမြို့တွင် မြေပြိုမှုကြောင့် ပြောင်းရွှေ့ခဲ့ရသော မိသားစုများအတွက် သစ်သားအိမ်ခြေ ၄၂၀ ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှဦးဆောင်၍ တည်ဆောက်ပေးခဲ့သည်။

ထို့အပြင် လုံးဝပျက်စီးသွားသော တံတား ၃၅၈ စင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသော တံတား ၄၄၉ စင်း၊ ပျက်စီးသွားသောလမ်းများ (အနည်းဆုံး ၁၉၈ မိုင်) တို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရသည်[၉]။ ပြည်တွင်းအားများနှင့် လုပ်ခဲ့ရသည့်အတွက် ဘတ်ဂျက်များကို ခြစ်ခြစ်ခြုတ်ခြုတ်သုံးခဲ့ရသည်။ ရလဒ်များနှင့် ငွေပမာဏကို နှိုင်းယှဉ်ပါက ကုလသမဂ္ဂအဖွဲ့အားလုံးမှ တစ်နှစ်အတွင်း ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၅၀၈ သန်းသည် ထိုအဖွဲ့များ၏ ရုံးသုံးစရိတ်များ၊ ဝန်ထမ်းစရိတ်များအပြင် INGO/ NGO များထံသို့လည်း အများအပြားရောက်လိမ့်မည်ဟုခန့်မှန်းနိုင်သည်။

**အစားထိုးနိုင်သောအကူအညီ။** ဒုတိယအနေဖြင့် ကုလသမဂ္ဂထံမှ ကူညီထောက်ပံ့မှု မရခဲ့ပါက မြန်မာနိုင်ငံအတွက် မည်သို့ထူးခြားမည်နည်း၊ အစားထိုး၍ ရ၊ မရဟူ၍ မေးစရာပေါ်လာသည်။

**၂၀၂၂ ခုနှစ် မေလ ၁၁ ရက်နေ့တွင် မြန်မာအစိုးရသည် ဒို့စ်ပေါင်း ၆၇ သန်းကျော် (၆၇၁၉၄၄၀၀) စုဆောင်းရရှိပြီးဖြစ်သည်။ ထိုရက်တွင် အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံပြီးသူ ၂၄ ဒသမ ၃၃ သန်းရှိ၍ ဆေးထိုးနှံခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိနေသည်။ တစ်နိုင်ငံလုံးတွင် ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူများသည် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၉၂ ရာခိုင်နှုန်းခန့်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနထံမှ သိရသည်။ ခြုံငုံပြောလျှင် မြန်မာပြည်ရှိ ကုလသမဂ္ဂအဖွဲ့များမှ အကူအညီများသည် တစ်ကြောင်းမဟုတ်တစ်ကြောင်းကြောင့် မရှိတော့ပါက အစားမထိုးနိုင်သော အကူအညီမျိုးမဟုတ်ဟုဆိုနိုင်**

**လုံးဝပျက်စီးသွားသော တံတား ၃၅၈ စင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသော တံတား ၄၄၉ စင်း၊ ပျက်စီးသွားသောလမ်းများ (အနည်းဆုံး ၁၉၈ မိုင်) တို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရသည်[၉]။ ပြည်တွင်းအားများနှင့် လုပ်ခဲ့ရသည့်အတွက် ဘတ်ဂျက်များကို ခြစ်ခြစ်ခြုတ်ခြုတ်သုံးခဲ့ရသည်။ ရလဒ်များနှင့် ငွေပမာဏကို နှိုင်းယှဉ်ပါက ကုလသမဂ္ဂအဖွဲ့အားလုံးမှ တစ်နှစ်အတွင်း ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၅၀၈ သန်းသည် ထိုအဖွဲ့များ၏ ရုံးသုံးစရိတ်များ၊ ဝန်ထမ်းစရိတ်များအပြင် INGO/ NGO များထံသို့လည်း အများအပြားရောက်လိမ့်မည်ဟု ခန့်မှန်းနိုင်**

ထိုမေးခွန်းများကိုဖြေရန် ကိုဗစ်ကာကွယ်ဆေးကိစ္စကို ပြည်သူသိသင့်သည်။ ကိုဗစ်ကာကွယ်ဆေးကိစ္စတွင် COVAX အစီအစဉ်ကို တာဝန်ယူထားသောအဖွဲ့များအားလုံး (အထူးသဖြင့် UNICEF နှင့် WHO) သည် မြန်မာပြည်ကိုဆက်ဆံခဲ့ပုံမှာ အထူးအကျည်းတန်သည်။ ထိုကုလသမဂ္ဂအဖွဲ့အစည်းများသည် မိမိတို့ကိုယ်တိုင်ချမှတ်ခဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စည်းမျဉ်းများ (Humanitarian Principles) မှ "ဆိုးကျိုးမဖြစ်စေရ" (Do no harm) ဟူသော စည်းမျဉ်းအား ချိုးဖောက်ခဲ့သည်။ COVAX ၏ရည်ရွယ်ချက်သည် "ကာကွယ်ဆေးဖော်ထုတ်ခြင်းကို အရှိန်အဟုန်တိုးမြှင့်ဖို့ ဆောင်ရွက်ပေးရန်နှင့် ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သာတူညီမျှ ထိုးနှံနိုင်ဖို့ ကူညီပေးရန်" ဖြစ်ကြောင်း ကြေညာထားသည်။

COVAX အစီအစဉ်ကို GAVI အဖွဲ့၊ CEPI အဖွဲ့နှင့် WHO တို့က ထိန်းချုပ်ကွပ်ကဲ၍ UNICEF က ကာကွယ်ဆေးများကို ပို့ရန် အဓိကတာဝန်ယူထားသည်[၁၀]။ ၂၀၂၁ ခုနှစ် မြန်မာပြည်သူများ ကာကွယ်ဆေးအလိုအပ်ဆုံးအချိန်တွင် WHO ကို အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း COVAX သည် မြန်မာပြည်အား ကိုဗစ်ကာကွယ်ဆေးကို လုံးဝမပေးခဲ့ပါ။ ထိုစဉ်က ကမ္ဘာ့နိုင်ငံအများအပြားသို့ ရောဂါကာကွယ်ဆေးကို တစ်ကြိမ်မက လေးကြိမ်အထိ ပေးပို့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် COVAX ထံမှ ကာကွယ်ဆေး ဒို့စ်ပေါင်း ၂ ဒသမ ၂၄ သန်း ရရှိခဲ့သည်။ မြန်မာနိုင်ငံသည်ကား ကာကွယ်ဆေးအလိုအပ်ဆုံးအချိန်ကို ကျော်ဖြတ်ခဲ့ပြီး ဖြစ်နေသည်။ မြန်မာနိုင်ငံသည် မိမိကိုယ်တိုင်ဝယ်သော ကာကွယ်ဆေး ဒို့စ်ပေါင်း ၄၅ သန်းသာမက မိတ်ဆွေနိုင်ငံများနှင့် ပုဂ္ဂလိကကဏ္ဍအလှူရှင်များ (အဓိကတရုတ်ကုန်သည်ကြီးအသင်း) က လှူဒါန်းခဲ့သော ကာကွယ်ဆေးများကိုသာ အားကိုးရင်း အဆိုးဆုံးကာလကို ကျော်ဖြတ်ခဲ့ရသည်။

၂၀၂၂ ခုနှစ် မေလ ၁၁ ရက်နေ့တွင် မြန်မာအစိုးရသည် ဒို့စ်ပေါင်း ၆၇ သန်းကျော် (၆၇၁၉၄၄၀၀) စုဆောင်းရရှိပြီးဖြစ်သည်။ ထိုရက်တွင် အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံပြီးသူ ၂၄ ဒသမ ၃၃ သန်းရှိ၍ ဆေးထိုးနှံခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိနေသည်။ တစ်နိုင်ငံလုံးတွင် ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူများသည် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၉၂ ရာခိုင်နှုန်းခန့်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနထံမှ သိရသည်။ ခြုံငုံပြောလျှင် မြန်မာပြည်ရှိ ကုလသမဂ္ဂအဖွဲ့များမှ အကူအညီများသည် တစ်ကြောင်းမဟုတ်တစ်ကြောင်းကြောင့် မရှိတော့ပါက အစားမထိုးနိုင်သော အကူအညီမျိုးမဟုတ်ဟုဆိုနိုင်သည်။

**(၄) ကုလသမဂ္ဂက မြန်မာပြည်၏တည်ဆဲအစိုးရကို အသိအမှတ်မပြုပါက ကုလသမဂ္ဂအတွက် ဆိုးကျိုးပိုများမည်**

**ကုလသမဂ္ဂအထွေထွေညီလာခံ။** အထွေထွေညီလာခံအစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရက အသိအမှတ်မပြုသော ဦးကျော်မိုးထွန်းသည် မြန်မာနိုင်ငံအတွက် ထားသောထိုင်ခုံတွင် ထိုင်နေသည်။ သို့သော် ဦးကျော်မိုးထွန်းအနေဖြင့် အလေးထားခြင်းခံရမည်မဟုတ်။ မိမိတို့၏နိုင်ငံအသီးသီးကို အမှန်တကယ် ကိုယ်စားပြုနေသော ကိုယ်စားလှယ်များအကြား၌ ဦးကျော်မိုးထွန်း၏ မဲနှင့်မှတ်ချက်များသည် မည်သို့မျှ အရေးမပါနိုင်။ ဥပမာ- ဦးကျော်မိုးထွန်းပေးသော မဲကိုကြည့်ပြီး မြန်မာပြည်၏ရပ်တည်ချက်ကို သုံးသပ်မရနိုင်ဟူသည်မှာ ထင်ရှားသည်။

၂၀၂၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ရုရှားကို ရှုတ်ချခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အပေါ် မဲခွဲသည့်ကိစ္စတွင် အမေရိကန်သံတမန်ရေးရာ ဂျာနယ်တစ်စောင်ကပင် ဦးကျော်မိုးထွန်း၏မဲသည် မြန်မာအစိုးရကို ကိုယ်စားမပြုသည့်အတွက် ထည့်စဉ်းစားလို့မရဟု ဆိုထား၏[၁၁]။ ထို့အပြင် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များကို နိုင်ငံများက လျစ်လျူရှုတတ်ကြသည်။ ဥပမာ - နှစ်စဉ်နှစ်တိုင်း အစ္စရေးနိုင်ငံနှင့် ပတ်သက်နေသော အထွေထွေညီလာခံသည် ဆုံးဖြတ်ချက်များ အကြိမ်ကြိမ်ချမှတ်ခဲ့သော်လည်း[၁၂] အစ္စရေးနိုင်ငံက မိမိ၏အကျိုးစီးပွားနှင့် ဆန့်ကျင်နေသော ဆုံးဖြတ်ချက်များကို လျစ်လျူရှုနေသည်။

**ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အစည်းအဝေးများ။** ထိုအစည်းအဝေးများတွင်ကား ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုစီနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆွေးနွေးသည်။ ဥပမာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)သည် နိုင်ငံများ၏ ကိုဗစ်ရောဂါ အခြေအနေ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)သည် နိုင်ငံများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs)၊ UNICEF သည် ကလေးသူငယ်များ၏အခြေအနေ၊ အစရှိသဖြင့် အဖွဲ့ဝင်နိုင်ငံများမှလာသော အစီရင်ခံစာများကိုအခြေခံ၍ ဆွေးနွေးသည်။

တည်ဆဲအစိုးရကိုလက်မခံပါက မြန်မာပြည်မှ အချက်အလက်များကို မည်သို့မျှ ဦးကျော်မိုးထွန်းတို့အဖွဲ့ထံမှ မရနိုင်။ ဥပမာအားဖြင့် ကိုဗစ်ရောဂါပြန့်ပွားမှုများ ကာကွယ်ဆေးထိုးအခြေအနေများကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသာလျှင် တင်ပြနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရအဖွဲ့နှင့် မဆက်ဆံလိုသော ကုလသမဂ္ဂအဖွဲ့အစည်းများသည် အချက်များ database များ ပြည့်စုံမည်မဟုတ်။ ယခုအခါ မြန်မာပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများအနက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သာလျှင်မြန်မာအစိုးရနှင့်စားနပ်ရိက္ခာကိစ္စအတွက် ပူးပေါင်းဆောင်ရွက်ခြင်းရှိသည်။

**ရှေ့ဆက်ရန်လမ်း။** ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသောစာချုပ်များ သက်တမ်းကုန်ဆုံးသောအခါ မြန်မာနိုင်ငံ၏တည်ဆဲအစိုးရကို အသိအမှတ်မပြုလျှင် စာချုပ်အသစ် ထိုးနိုင်မည်မဟုတ်။ အပိုင်း(၃)တွင်ဆွေးနွေးပြီးသည့်အတိုင်း ကုလသမဂ္ဂအဖွဲ့အစည်းများမှ ထောက်ပံ့မှုသည် အစားထိုးမရသော အရာမဟုတ်။ ကုလသမဂ္ဂ ပရိုဂရမ်များ ရပ်စဲသွားပါက မြန်မာနိုင်ငံ ကုလသမဂ္ဂရုံးများတွင်လုပ်နေသော နိုင်ငံခြားသားအချို့၊ မြန်မာဝန်ထမ်းများနှင့် ကုလသမဂ္ဂထောက်ပံ့မှုရနေသော NGO ဝန်ထမ်းများသာ အဓိကနစ်နာမည်ဖြစ်သည်။

စာမျက်နှာ ၈ သို့ ■

## “ကိုဗစ် - ၁၉ အထူးချေးငွေ ပေးဆပ်ရန်ကာလကို (၃၀-၉-၂၀၂၂ )ရက်သို့ ပြင်ဆင်တိုးမြှင့်သတ်မှတ်”

ကိုဗစ် –၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် တောင်သူဦးကြီးများသို့ ထုတ်ချေးပေးထားသည့် ကိုဗစ်အထူးချေးငွေကို တောင်သူများ စိုက်ပျိုးရေးတွင် အရင်းအနှီးတစ်ရပ်အဖြစ် ဆက်လက်သုံးစွဲပြီး ဝင်ငွေတိုးတက်ရှာဖွေနိုင်ရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရန် ကာလကို ( ၃၁ – ၃ – ၂၀၂၂ )ရက်အစား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်အထိ တတိယအကြိမ် ပြင်ဆင်တိုးမြှင့်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

## “၂၀၂၂ - မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ မကြာမီထုတ်ချေးပေးတော့မည်” မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားကြီးများသို့ အသိပေးကြေညာချက်

၁။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လုပ်ကွက်ငယ် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ် အရင်းအနှီးများရရှိစေရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာ တောင်သူလယ်သမားများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့် တောင်သူများအကြား နှစ်ဦးနှစ်ဖက် အပြန်အလှန် တာဝန်ကျေပွန်စွာ ဆောင်ရွက်လျက်ရှိပါသည်။

၂။ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ အချိန်စေ့ ချေးငွေများဖြစ်သော ၂၀၂၀ မိုးချေးငွေနှင့် ၂၀၂၁ မိုးချေးငွေ အရင်း၊ အတိုး ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူများသို့ ၂၀၂၂ မိုးချေးငွေများအား ၂၀၂၂ ခုနှစ်၊ မေလ တတိယပတ် (၁၆–၅–၂၀၂၂) ရက်မှစ၍ သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် ဘဏ်ခွဲများတွင် စတင်ထုတ်ချေးပေးမည်ဖြစ်ပါသည်။ ယခင်ချေးငွေများပြေကျေစွာ ပေးဆပ်လာသူ တောင်သူများကိုလည်း ၂၀၂၂ မိုးရာသီချေးငွေသစ်များကို ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ယခင်ချေးငွေများ ပြေကျေစွာ ပေးဆပ်ပြီးသော တောင်သူလယ်သမားများအနေဖြင့် ၂၀၂၂ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများ အချိန်မီရရှိနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ဘဏ်ခွဲများနှင့် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

## နေပြည်တော် ပြည်ထောင်စုနယ်မြေ၌ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

နေပြည်တော် မေ ၁၆

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကွပ်ကဲမှုအောက်ရှိ လယ်ဝေးခရိုင်၊ ပုဗ္ဗသီရိခရိုင်၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ် ဘဏ်ခွဲလေးခုမှ တောင်သူဦးကြီးများအား ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့တွင် စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာ ဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝတိုးတက်ရေးတို့ကို ရည်ရွယ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း ထုတ်ချေးပေးလျက်ရှိသည်။

၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို လယ်ဝေးခရိုင်ဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု တစ်အုပ်စု၊ တောင်သူ ၅၀၊ စပါး ၁၇၆ ဧကအတွက် ချေးငွေကျပ် ၂၆ ဒသမ ၄ သန်း၊ ပုဗ္ဗသီရိခရိုင်ဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု တစ်အုပ်စု၊ တောင်သူ ၄၇ ဦး၊ စပါး ၁၆၅ ဧက၊ အခြားသီးနှံ ခုနစ်ဧကအတွက် ချေးငွေကျပ် ၂၅ ဒသမ ၄၅ သန်း၊ ပျဉ်းမနားမြို့နယ်ဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု တစ်အုပ်စု၊ တောင်သူ ၅၅ ဦး၊ စပါး ၁၆၃ ဧက၊ အခြားသီးနှံ ၃၂ ဧကအတွက် ချေးငွေကျပ် ၂၆ ဒသမ ၁၅ သန်းနှင့် တပ်ကုန်းမြို့နယ် ဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု တစ်အုပ်စု၊ တောင်သူ ၅၅ ဦး၊ စပါး ၁၉၁ ဧက၊ အခြားသီးနှံ ၁၀ ဧကအတွက် ချေးငွေကျပ် ၂၉ ဒသမ ၆၅ သန်း စတင်ထုတ်ချေးပေးလျက်ရှိသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကွပ်ကဲမှုအောက်ရှိ ဘဏ်ခွဲလေးခုမှ နေပြည်တော် နယ်မြေအတွင်းရှိ တောင်သူများသို့ ချေးငွေများ စိုက်ပျိုးရာသီချိန်အမီရရှိရေး ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ကဝမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ကဝ မေ ၁၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်သူရက ချေးငွေထုတ်ချေးပုံ အဆင့်ဆင့်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ကျေးရွာအုပ်စုများအား ချေးငွေအချိန်မီထုတ်ချေးနိုင်ရန်အတွက် ကြွေးကျန်များကို အချိန်မီပေးဆပ်ကြရန်နှင့် ချေးငွေများကို လယ်ယာလုပ်ငန်းတွင် အကျိုးရှိစွာ အသုံးပြုရန် အလေးထားမှာကြားခဲ့သည်။ ဆက်လက်၍ မြို့နယ် မန်နေဂျာ ဒေါ်အေးသိန်းက ချေးငွေစည်းကမ်းချက်များ၊ ချေးငွေမူစနစ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဘုမ္မဇိုးကျေးရွာနှင့် ကံထူးကျေးရွာ နှစ်အုပ်စုမှ တောင်သူ ၃၆ ဦး၊ ဧက ၃၀၄ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၄၅၆၀၀၀၀၀ ကို ကိုဗစ်–၁၉ စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန်းသန်းဝင်း(ပြန်/ဆက်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၂ မိုးစပါး ချေးငွေများ စတင်ထုတ်ပေး

ခရမ်း မေ ၁၆

နိုင်ငံတော်အတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်သည့် အရင်းအနှီးကုန်ကျငွေ တစ်စိတ်တစ်ဒေသကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က သက်သာသည့်အတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိသည်။



ယခုနှစ် မိုးစပါးစိုက်ပျိုးရေးချေးငွေအား မေ ၁၆ ရက်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း တောင်သူ ၄၇၁ ဦးအား ချေးငွေကျပ် ၅၀၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်သိန်း

## အုတ်တွင်းမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

အုတ်တွင်း မေ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အုတ်တွင်းမြို့နယ်ဘဏ်ခွဲ၌ ယနေ့ နံနက် ၁၀ နာရီက မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးစရိတ်



ချေးငွေများကို အဆိုပါရုံး၌ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စု ၄၇ အုပ်စုရှိ ဧက ၄၄၀၀၀ အတွက် ငွေကျပ် သိန်း ၆၆၀၀၀ လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကြက်သွန်ခင်း(၂) ရပ်ကွက်ရှိ တောင်သူ ၁၄ ဦး၊ ဧက ၆၅ ဧကအတွက် ချေးငွေထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲ ကျင်းပ

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ပြည်သူများက ကြိုဆိုထောက်ခံသည့်အနေဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပသည်။ (ယာပုံ)



**တက်ရောက်**

အဆိုပါ ကြိုဆိုထောက်ခံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ ဦးလှဆွေ၊ ဦးသောင်းအေး၊ ဦးဖိုးသိန်း၊ ပါတီဗဟိုပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦး၊ ပြည်ထောင်စုနယ်မြေပါတီဥက္ကဋ္ဌ ဦးမြင့်လှိုင်၊ မြို့နယ်ပါတီဥက္ကဋ္ဌများနှင့် နေပြည်တော် ရှစ်မြို့နယ်မှ ပြည်သူစုစုပေါင်း အင်အား ၇၀၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအားအလေးပြု၍ နိုင်ငံတော်သီချင်းကိုသီဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါတီဗဟိုပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးက သဘာပတိအဖြစ် ဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားပြီး ဗဟိုကော်မတီဝင်တစ်ဦးနှင့် ပါတီဝင်များက ငြိမ်းချမ်းရေးသည် ဒီမိုကရေစီအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်၊ ငြိမ်းချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်ဟူသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူများက“ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး-တို့အရေး၊ ပြည်ပစွက်ဖက်မှုအန္တရာယ် ဆန့်ကျင်တိုက်ဖျက်ရေး-တို့အရေး၊ ငြိမ်းချမ်းရေးပျက်ပြားအောင်ဖျက်ဆီးနေသူများကျဆုံးရေး – တို့အရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး- အောင်ရမည်”ဟု ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ထောက်ခံပွဲကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လက်ပံတန်းမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်

**လက်ပံတန်း မေ ၁၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းများအား ကျေးရွာများတွင် ဖွင့်လှစ်ပို့ချလျက်ရှိရာ မေ ၁၆ ရက်က သိုက်ဝါးချောင်းကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်၊ ချောင်း၊ အင်းအိုင်များအတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းရေးအတွက် ငါးရစ်ငါးသန်ချိန်ကာလဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးမဖမ်းဆီးရေးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် အသိပညာပေးလုပ်ငန်းများအကြောင်း သင်တန်းပို့ချခဲ့ပြီး တက်ရောက်လာသူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၅-၂၀၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၀ တွင် ပါရှိသော ဆောင်းပါး(ပုံစာ)များ၌ **ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချလက်မှတ်ရေးထိုးပွဲကြီးတွင် နိုင်ငံတော်သမ္မတမှ အလေးပြုခံစဉ်**ဟု လည်းကောင်း၊ **တောင်ကြီးမြို့၌ ကျင်းပသည့် ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချလက်မှတ်ရေးထိုးပွဲကြီးတွင် ဗိုလ်ချုပ်ကြီးနေဝင်းက မိန့်ခွန်းပြောကြားစဉ်**ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

✪ **ကျောဖုံးမှ**

သတင်းပေးပို့လာခဲ့သဖြင့် ဖယ်ခုံမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းစစ်ဆေးခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျေးရွာအတွင်း အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား လိုက်လံမီးရှို့ဖျက်ဆီးလျက်ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများသည် တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် ၎င်းတို့ဆုတ်ခွာရာနောက်သို့ ထပ်ကြပ်လိုက်၍ လိုအပ်သည့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်မှ ကျေးရွာနေ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ဖယ်ခုံမြို့နယ် ဆောင်နန်းခဲကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

# ကျောက်ကြီးမြို့နယ်၌ ကရင်(စကော)တိုင်းရင်းသားစာပေ နွေရာသီဆင့်ပွားမွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

**ကျောက်ကြီး မေ ၁၆**

ပဲခူး တိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပဲခူးရပ်ကွက် မြို့တွင်းဘုန်းတော်ကြီးကျောင်း မိုးကုတ်ဓမ္မရိပ်သာ ဓမ္မာရုံ၌ မေ ၁၆ ရက် နံနက် ၈ နာရီက မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဦးဆောင်ပြီး ကရင်(စကော) တိုင်းရင်းသားစာပေ နွေရာသီဆင့်ပွားမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မြို့တွင်းဘုန်းတော်ကြီးကျောင်း မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော် ဉူးနန္ဒိယက အဖွင့်အမှာစကားပြောကြားပြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင် က အမှာစကားပြောကြားသည်။



ဆက်လက်၍ ကျောက်ကြီးမြို့နယ် ပညာရေးမှူး ဦးတင်ဝင်းက မိမိတို့ပညာရေးဌာနအနေဖြင့် ကရင်(စကော)တိုင်းရင်းသားစာပေ နွေရာသီဆင့်ပွားမွမ်းမံသင်တန်းအား အထကခွဲ ပဲခူးရပ်ကျောင်း၌ သင်တန်းသား ၁၀၂ ဦး၊ သင်ကြားပို့ချမည့် နည်းပြဆရာ လေးဦး၊ သင်တန်းကာလ မေ ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်သင်တန်းဖြစ်ပြီး သင်တန်းချိန် နံနက် ၉ နာရီမှ ည ၈ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဂုဏ်ပြုဆောင်းပါး

# ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့

ဒေါက်တာအေးအေးသင်း၊ အမျိုးသားပြတိုက် (နေပြည်တော်)

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (International Council Of Museums)ကို ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်များ တစုတစည်းတည်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ၁၉၄၆ ခုနှစ်၌ စတင်ဖွဲ့စည်းခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် ၇၅ နှစ်မြောက် စိန်ရတုပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (International Council of Museums –ICOM) ရုံးသည် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် တည်ရှိပါသည်။ ICOM သည် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ကာ ၂၀၂၁ ခုနှစ်အထိ အဖွဲ့ဝင်ပေါင်း ၄၀၀၀၀ ကျော်ရှိပြီး အမျိုးသားကော်မတီများကိုယ်စီဖွဲ့စည်းထားသည့် နိုင်ငံပေါင်း ၁၁၉ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာကော်မတီ ၃၀ ကို ကိုယ်စားပြုသည့် ပြတိုက်ပညာရှင်များ အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားပါသည်။ နိုင်ငံများနှင့် ဒေသများ၊ အပြည်ပြည်ဆိုင်ရာကော်မတီများ စုစုပေါင်း ၁၄၁ ခုမှ ပြတိုက်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ ဖိုရမ်တစ်ခုကိုလည်း ဖွဲ့စည်းထားသည်။ ပြတိုက်ကျင့်ဝတ်ဆိုင်ရာကိစ္စများတွင်လည်း ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ ပြတိုက်ကျင့်ဝတ်များကို ဘာသာစကား ၃၉ မျိုးဖြင့် ထုတ်ဝေထားပါသည်။ ICOM သည် အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရုံးသုံးဘာသာစကားအဖြစ် အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန်ဘာသာစကားများကို အသုံးပြုပါသည်။ ICOM အဖွဲ့ဝင်ခြင်းဖြင့် နိုင်ငံတကာပြတိုက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ကာ ခေတ်မီနည်းပညာများ ဖလှယ်နိုင်ပြီး အချင်းချင်း အမြင်ချင်းဖလှယ် ဆွေးနွေးသုံးသပ်ခြင်းဖြင့် ပြတိုက်များ၏အနာဂတ် ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ပြတိုက်များသည်လည်း နိုင်ငံတကာပြတိုက်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အဓိက ဦးဆောင်အဖွဲ့အစည်းအနေဖြင့် တာဝန်ယူ၍ ၂၀၁၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

## အပြည်ပြည်ဆိုင်ရာပြတိုက်များ ကောင်စီ၏ဆောင်ရွက်ချက်များ

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီသည် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ မှုခင်းရဲတပ်ဖွဲ့နှင့် ကမ္ဘာ့အကောက်ခွန် အဖွဲ့အစည်းတို့နှင့် ပူးပေါင်းကာ ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ တရားမဝင်သယ်ယူပို့ဆောင်မှုများကို တားဆီးကာကွယ်ခြင်း၊ ယဉ်ကျေးမှုနှင့် အသိပညာတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ICOM မှ ပြတိုက်နှင့် ပတ်သက်သည့် ICOM News မဂ္ဂဇင်းကို အွန်လိုင်းမှ ဖြန့်ချိပေးခြင်းဖြင့်လည်း ကမ္ဘာတစ်ဝန်းရှိ ပြတိုက်များအကြောင်းကို မည်သူမဆို လေ့လာနိုင်စေရန် စီစဉ်ထားပါသည်။ ICOM သည် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူသားတို့၏ ဘေးအန္တရာယ်ကြောင့်ဖြစ်စေ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ပေးရန် ဖွဲ့စည်းထားသည့် The International committee of the Blue Shield (ICBS) အဖွဲ့ဝင်လည်း ဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ သမိုင်းကြောင်း

ယဉ်ကျေးမှုများဖလှယ်ခြင်း၊ ယဉ်ကျေးမှုများ တိုးတက်ထွန်းကားခြင်း၊ လူသားအချင်းချင်း စာနာနားလည်ခြင်း၊ လူအချင်းချင်း ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့နှင့်ပတ်သက်၍ ပြတိုက်များသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို သိရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီက နှစ်စဉ်မေလ ၁၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့" အဖြစ် ၁၉၇၇ ခုနှစ်မှ စတင်သတ်မှတ်ကာ နှစ်စဉ် အစဉ်အလာမပျက် ကျင်းပပြုလုပ်ခဲ့သည်မှာ ၄၅ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ "အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့" အထိမ်းအမှတ်အဖြစ် အခမ်းအနားများ၊ ဟောပြောပွဲများ၊ ပြပွဲများကို တစ်နှစ်ပတ်လုံးဖြစ်စေ၊ မေလတစ်လလုံးဖြစ်စေ၊ မေလ ၁၈ ရက်နေ့ တစ်နေ့တည်းဖြစ်စေ ကျင်းပပြုလုပ်လေ့ရှိကြသည်။ "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" ကို နှစ်စဉ်ကမ္ဘာတစ်ဝန်းရှိ ပြတိုက်ထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန




လက်အောက်ရှိ ပြတိုက်များက "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" ရောက်တိုင်း ပြတိုက်ဝင်ကြေးအခမဲ့ဖြင့် ဧည့်သည်များကို ဝင်ရောက်လေ့လာခွင့်ပေးသည့်အပြင် အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (မြန်မာ)က ကြီးမှူး၍ အထိမ်းအမှတ်အခမ်းအနားများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကို နှစ်စဉ်ကျင်းပလေ့ရှိပါသည်။

> **နိုင်ငံများနှင့်ဒေသများ၊ အပြည်ပြည်ဆိုင်ရာကော်မတီများ စုစုပေါင်း ၁၄၁ ခုမှ ပြတိုက်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ ဖိုရမ်တစ်ခုကိုလည်း ဖွဲ့စည်းထားသည်။ ပြတိုက်ကျင့်ဝတ်ဆိုင်ရာကိစ္စများတွင်လည်း ဦးဆောင်ဦးရွက်ပြုဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ ပြတိုက်ကျင့်ဝတ်များကို ဘာသာစကား ၃၉ မျိုးဖြင့် ထုတ်ဝေထားပါသည်။ ICOM သည် အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရုံးသုံးဘာသာစကားအဖြစ် အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန်ဘာသာစကားများကို အသုံးပြုပါသည်။ ICOM အဖွဲ့ဝင်ခြင်းဖြင့် နိုင်ငံတကာပြတိုက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ကာ ခေတ်မီနည်းပညာများ ဖလှယ်နိုင်ပြီး အချင်းချင်းအမြင်ချင်းဖလှယ် ဆွေးနွေးသုံးသပ်ခြင်းဖြင့် ပြတိုက်များ၏အနာဂတ် ပိုမိုကောင်းမွန်လာစေမည်**

## အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ဆောင်ပုဒ်များ

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီက "အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့" အတွက် လတ်တလောအဖြစ်အပျက်များနှင့် ကိုက်ညီသည့် ဆောင်ပုဒ်များကို ၁၉၉၂ ခုနှစ်မှစတင်၍ နှစ်စဉ်ချမှတ်ခဲ့ကြပြီး ပိုစတာများကိုမူ ၁၉၉၇ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များဆောင်ပုဒ်မှာ Museums and Cultural Landscape "ပြတိုက်များနှင့် ယဉ်ကျေးမှုဆိုင်ရာ အခင်းအကျင်းများ"၊ ၂၀၁၇ ခုနှစ်ဆောင်ပုဒ်မှာ Museums and the contested histories: Saying the unspeakable in museums "ယှဉ်ပြိုင်သမိုင်း၊ သိုင်းဝိုင်းပြောကြား၊ ပြတိုက်ထဲက ပြသပစ္စည်းများ"၊ ၂၀၁၈ ခုနှစ်ဆောင်ပုဒ်မှာ Hyperconnected Museums : New approaches, New Publics" ခေတ်သစ်လူထုဆက်သွယ်ရေး၊ ပြတိုက်အချင်းချင်း ဆက်သွယ်ပေး"၊ ၂၀၁၉ ခုနှစ်ဆောင်ပုဒ်မှာ Museums Cultural Hubs: The Future of Tradition " ရိုးရာယဉ်ကျေးမှုအစဉ်အလာများ၏ အနာဂတ်အရေး၊ ပြတိုက်များက ဗဟိုပြုဖော်ဆောင်ပေး"၊ ၂၀၂၀ ပြည့်နှစ် ဆောင်ပုဒ်မှာ Equality: Diversity and Inclusion "မတူကွဲပြားပါဝင်ခြင်းများ၊ တန်းတူညီမျှပြတိုက်များ"၊ ၂၀၂၁ ခုနှစ် ဆောင်ပုဒ်မှာ The Future of Museum: Recover and Reimagine "ပြတိုက်များ၏ အနာဂတ်အရေး၊ ပြန်လည်ထူထောင် ပုံဖော်ပေး" တို့ဖြစ်ပါသည်။

## ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ဆောင်ပုဒ်

ယခုနှစ် ၂၀၂၂ခုနှစ်၏ ဆောင်ပုဒ်မှာ The Power of Museums "လူ့ဘောင်လောက တိုးတက်ဖို့၊ ပြတိုက်စွမ်းအားဖြင့်မြှင့်တင်စို့" ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ ဆောင်ပုဒ်အတွက် ရေးဆွဲထားသည့် ပိုစတာပုံတွင် သက်တံ့ရောင်စုံဖြာနေသော လက်မှ လွင့်တက်နေသည့် စွမ်းအားရှင်မျက်လုံး၏ အစွမ်းဖြင့် ဖန်ဆင်းထားသော ရောင်စုံသက်တံ့များဖြာနေသည့် မှော်ငွေ့တန်းများအကြား တွင် သစ်ရွက်များ၊ ပန်းပွင့်များ ဝေဆာစွာပေါ်ထွက်လာပုံကို သရုပ်ဖော်ထားပါသည်။ ဤပုံတွင်ရေးဆွဲထားသော စွမ်းအားရှင် မျက်လုံးသည် သဘာဝလွန် ယုံကြည်မှုတစ်ခုပင်ဖြစ်ပြီး ဘီစီ ၆ ရာစုနှစ်ကပင် ရှေးဟောင်းဂရိနှင့် ရောမနိုင်ငံများ၌ ပေါ်ထွန်းခဲ့ကာ ယခုခေတ်အချိန်အထိပင် အဆောင်အဖြစ် အသုံးပြုလျက်ရှိကြသည်။ ထိုမျက်လုံးသည် မကောင်းဆိုးဝါးအန္တရာယ်များ၊ မကောင်းသည့် အကျိုးသက်ရောက်မှုများ ကျရောက်ခြင်းတို့ကို ဖယ်ရှားပေးပြီး ကံကောင်းခြင်းများကို ပေးစွမ်းနိုင်သည့်အပြင် စိတ်အေးချမ်းမှုကိုလည်း ပေးနိုင်သည်ဟု ယုံကြည်ကြသဖြင့် စွမ်းအားရှင်မျက်လုံးကို ကံကောင်းခြင်းအဆောင်အဖြစ် လက်ကောက်၊ ဆွဲကြိုးစသည်ဖြင့် ပြုလုပ်၍ ဆောင်ထားတတ်ကြလေသည်။

ပိုစတာပုံ၏ ဆိုလိုရင်းမှာ စွမ်းအားရှင်မျက်လုံးကဲ့သို့ စွမ်းအားရှိသည့် ပြတိုက်များက လူ့ဘောင်လောကကြီးကို သာယာလှပစေရန်နှင့် တိုးတက်စေရန်အတွက် ခေတ်မီနည်းပညာရပ်များအသုံးချ၍ ပြည်သူလူထုကို အသိပညာပေးနိုင်သည့်အပြင် ကမ္ဘာကြီး စဉ်ဆက်မပြတ်ရှင်သန်တိုးတက်နေစေရန်တို့ကိုလည်း ဆောင်ရွက်ပေးနိုင်ကြောင်း ဖော်ညွှန်းထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာကြီးစဉ်ဆက်မပြတ် ဖြစ်တည်နေစေရန်နှင့် လူ့ဘောင်လောကကြီး တိုးတက်ဖြစ်ပေါ်လာစေရန်တို့အတွက် ပြတိုက်များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို စိန်ရတုပြည့်မြောက်ခဲ့ပြီဖြစ်သော အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ၏ (၄၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့တွင် ဂုဏ်ယူလေးစားစွာ ရေးသားတင်ပြရင်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ အပန်းဖြေရေယာဉ်သင်္ဘောတို့ဖြင့် လာရောက်လည်ပတ်နိုင်ရေး ဆိပ်ခံဇောတံတား တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေ

**ရန်ကုန် မေ ၁၆**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ သင်္ဘောကပ်ရန် တည်ဆောက်မည့် ဆိပ်ခံဇောတံတားသယ်ယူခြင်း၊ လွန်းတင်ခြင်း၊ ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုးပွားရေယာဉ်ဖြင့် ဗိုလ်တထောင်ဆိပ်ကမ်းတွင် ကမ်းကပ်ထားသည့် ဆိပ်ခံဇောကို သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းများအချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်ကြရန် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ သွားရောက်ကာ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ ပဲခူးမြစ်မှတစ်ဆင့် အပန်းဖြေရေယာဉ်သင်္ဘောတို့ဖြင့် လာရောက်လည်ပတ်နိုင်ရေး ဆိပ်ခံဇောတံတား တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ တိုင်းရင်းသားကျေးရွာ သာယာလှပရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် မလွဲမသွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရငွေလျာထားမှုပြည့်မီရေး၊ လုပ်ငန်းတိုးတက်မှုအခြေအနေများကို သုံးလတစ်ကြိမ် တင်ပြဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများကလည်း အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးရွာအတွင်းရှိ တိုင်းရင်းသားရိုးရာနေအိမ်များတွင် ရေရရှိရေးအတွက် အဝီစိရေတွင်းများ တူးဖော်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏အရည်အချင်းကို အမြဲတိုးတက်မြင့်မားအောင် လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာနေထိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သည် လျာထားရငွေထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဘတ်ဂျက်သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ စီမံချက်များရေးဆွဲ၍ တွက်ချက်မှုများနှင့်အတူ တင်ပြရန်လိုအပ်ကြောင်း၊ မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းများသည် နိုင်ငံတော်အတွက် အကျိုးရှိစေရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း အဝီစိရေတွင်းတူးဖော်မည့်နေရာများနှင့် ဆိပ်ခံဇောတံတား တည်ဆောက်မည့်နေရာများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


## ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

**"ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၂ ခုနှစ်၊ မေလ(၂၆)ရက်မှ ဇွန်လ (၁)ရက်ထိ



## ပညာရေးဝန်ကြီးဌာန

**၂၀၂၂ -၂၀၂၃ ပညာသင်နှစ်**

**"အသိပေးကြေညာချက်"**

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။


# ညောင်တုန်းမြို့၌ Grade-8 (အဋ္ဌမတန်း) သင်ရိုးသစ် (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

**ညောင်တုန်း မေ ၁၆**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-8 (အဋ္ဌမတန်း)သင်ရိုးသစ်(မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းတို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းအဆင့်နှင့် သင်တန်းနည်းပြဆရာဆရာမ ၁၆ ဦးနှင့် သင်တန်းသားဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးကျော်စိုးလှိုင်က နိုင်ငံတော်က အဋ္ဌမတန်းသင်ရိုးသစ် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်ရိုးသစ်ပြင်ဆင်မှုများအတွက် သင်ကြားမှု၊ သင်ယူမှုနည်းစနစ်အသစ်များနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။



**သင်ကြားပို့ချပေး**

အဆိုပါ အလယ်တန်းဆင့် အဋ္ဌမတန်းသင်ရိုးသစ် ဆင့်ပွားသင်တန်းကို မေ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာ ဆွေးနွေးသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အလယ်တန်းပြ၊ ဒုတိယအလယ်တန်းပြ သင်တန်းသား ဆရာဆရာမ ၃၄၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



# တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များ ပုံမှန်ပညာသင်နှစ်အတိုင်း ဆက်လက်ဖွင့်လှစ်သင်ကြား

**နေပြည်တော် မေ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှစတင်၍ ပုံမှန်ပညာသင်နှစ်ဝက်ကာလအတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် ကျောင်းများ၌ ကျောင်းသားကျောင်းသူများသည် အေးချမ်းပျော်ရွှင်စွာ ကျောင်းပြန်လည်တက်ရောက်လျက်ရှိကြသည်။

ယခုကဲ့သို့ တက္ကသိုလ်နှင့် ကောလိပ်များ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်ရွာအခြေပြုပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်နှစ်ခုမှ မိသားစု ၇၀၀၀ ကျော် စားနပ်ရိက္ခာအထောက်အပံ့များ လက်ခံရရှိ



ကဘူးလ် မေ ၁၆

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်နှစ်ခုမှ မိသားစု ၇၀၀၀ ကျော်တို့သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက စားနပ်ရိက္ခာအထောက်အပံ့များ လက်ခံရရှိခဲ့ကြကြောင်း အာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် အာဖဂန်နစ္စတန် ကျေးလက်ဒေသပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အာဖဂန်နစ္စတန်နိုင်ငံ ပါဝန်ပြည်နယ် အရှေ့ပိုင်းရှိ ဂျာဘာလူဆာရက်ခရိုင်နှင့် ဆာကီပါဆာခရိုင်တို့မှ မိသားစု ၄၄၀၀ တို့အား စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ယင်းစားနပ်ရိက္ခာများထဲတွင် ဂျုံမှုန့်၊ ဆီ၊ ပဲ၊ ဆား စသည်တို့ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် ဂျော်ဂျန်ပြည်နယ်မြောက်ပိုင်းရှိ မိုးခေါင်မှုဒဏ်ခံခဲ့ရသူများအပါအဝင် ရွှေ့ပြောင်းပြည်သူ ၂၆၄၀ တို့သည်လည်း စားနပ်ရိက္ခာအထောက်အပံ့များ လက်ခံရရှိကြောင်း အဆိုပါပြည်နယ်၏ ဒုက္ခသည်များနှင့် နေရပ်ပြန်လည် ပို့ဆောင်ရေးဌာနအကြီးအကဲ အဗ္ဗဒူလ်ကေယန်နာဇာရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

လာမည့်ရက်ပိုင်း သို့မဟုတ် လာမည့်သီတင်းပတ်များတွင်လည်း ဂျော်ဂျန်ပြည်နယ်ရှိ မိသားစုများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ဂျော်ဂျန်ပြည်နယ် ဒုက္ခသည်များနှင့် နေရပ်ပြန်လည် ပို့ဆောင်ရေးဌာနအကြီးအကဲ အဗ္ဗဒူလ်ကေယန်နာဇာရီက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လူဦးရေ ၃၅ သန်းရှိသည့်အနက် ၂၂ သန်းကျော်သည် စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂၉၆ ဦး ထပ်မံတွေ့ရှိ



ဆိုးလ် မေ ၁၆

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂၉၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၇၇၉၅၃၅၇ ဦး ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေး အာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၃၇၄၄ ဦးရှိလာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၆၂၇၉၈ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၂၆၂၉၉ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၇ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၄၇ သန်းကျော် ရှိလာ

ကွာလာလမ်ပူ မေ ၁၆

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၃၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄၇၈၁၁၂ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၂၃၆ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် သုံးဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူသုံးဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၆၁၅ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၂၆၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၁၁၇၆၂ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာစုစုပေါင်း ၃၀၇၃၅ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၂ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၂ ရာခိုင်နှုန်းသည် တတိယအကြိမ် ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း အာဖရိကပြည်သူ ၅၅ သန်း ဆင်းရဲနွမ်းပါးမှုနှင့်ရင်ဆိုင်ခဲ့ရ

အဒစ်အဘာဘာ မေ ၁၆

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် အာဖရိကဒေသရှိ ပြည်သူ ၅၅ သန်းသည် ၂၀၂၀ ပြည့်နှစ်အတွင်း ဆင်းရဲနွမ်းပါးမှုများနှင့်ရင်ဆိုင်ခဲ့ရကြောင်း အာဖရိကဒေသဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးကော်မရှင်၏မှတ်တမ်းများအရ သိရသည်။

အနောက်အာဖရိကဒေသ ဆီနီဂယ်မြို့၌ ကျင်းပသည့် အာဖရိကဒေသဘဏ္ဍာရေးဝန်ကြီးများညီလာခံ၌ အထက်ပါမှတ်တမ်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု၏အကျိုးဆက်များအဖြစ် အသွားအလာကန့်သတ်မှုများချမှတ်ခဲ့ရခြင်းကြောင့် လုပ်ငန်းများရပ်ဆိုင်းခဲ့ရသဖြင့် အာဖရိကဒေသအတွင်းရှိ အခြေခံလူတန်းစားများ ဝင်ငွေထိခိုက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အာဖရိကဒေသရှိ နိုင်ငံ ၁၅ နိုင်ငံမှာလည်း ၎င်းတို့တင်ရှိနေသည့် ကြွေးမြီများကို အချိန်မီမပေးဆပ်နိုင်မည့် အခြေအနေရှိနေကြောင်း အထက်ပါမှတ်တမ်းအရ သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# အစ္စရေးနိုင်ငံ၌ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၇၆ သန်း ရင်းနှီးမြှုပ်နှံမည်

ဂျေရုဆလင် မေ ၁၆

အစ္စရေးနိုင်ငံသည် နိုင်ငံအတွင်း အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများအတွက် အစ္စရေးရှီကယ်ငွေ သန်း ၆၀၀ (အမေရိကန်ဒေါ်လာ ၁၇၆သန်း) ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မေ ၁၅ ရက်တွင် ကြေညာခဲ့သည်။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် နိုင်ငံ၏ အာကာသဆိုင်ရာလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အစ္စရေးနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်းရှိ အာကာသဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်မည့် ဝန်ထမ်းအရေအတွက်ကိုလည်း တစ်သောင်းအထိ တိုးမြှင့်ခန့်အပ်သွားရန်နှင့် နိုင်ငံအတွင်းရှိ အာကာသဆိုင်ရာလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများ၏ နှစ်ပတ်လည်အမြတ်ငွေကိုလည်း အမေရိကန်ဒေါ်လာတစ်ဘီလီယံမှ လေးဘီလီယံသို့ တိုးတက်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံအတွင်း၌ အာကာသဆိုင်ရာလုပ်ငန်းများဆောင်ရွက်မည့် ပညာရှင်အရေအတွက်များပြားလာစေရန်နှင့် အာကာသဆိုင်ရာအသိပညာပေးစင်တာတစ်ခုကိုလည်း တည်ဆောက်သွားရန်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာမှ ပူးပေါင်းပါဝင်ရင်းနှီးမြှုပ်နှံသည့် ဂြိုဟ်တုလွှတ်တင်ရေးအစီအမံများကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏နည်းပညာကဏ္ဍကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီး အိုရက်ဖားကတ်ဟာကိုဟန်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ကာလီမန်တန်ပြည်နယ်ရှိ ရေနံချက်စက်ရုံ၌ မီးလောင်မှုဖြစ်ပွား

ဂျကာတာ မေ ၁၆

အင်ဒိုနီးရှားနိုင်ငံ အရှေ့ကာလီမန်တန်ပြည်နယ် ဘာလစ်ပါပန်မြို့ရှိ အင်ဒိုနီးရှားနိုင်ငံပိုင် PT Pertamina ရေနံချက်စက်ရုံ၌ မေ ၁၅ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ကာလီမန်တန်ပြည်နယ် ရှာဖွေကယ်ဆယ်ရေးရုံးမှ အကြီးအကဲ မာကီအနော်ကာကီတာက ပြောကြားသည်။

အဆိုပါဖြစ်စဉ်အတွင်း ဒဏ်ရာရရှိသူ ငါးဦးအနက် သုံးဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိကြောင်း ၎င်းက ပြောကြားသည်။



အဆိုပါစက်ရုံအတွင်းရှိ ရေနံသန့်စင်ရေးစက်ရုံမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး အဆိုပါမီးလောင်မှုကို အချိန်တစ်နာရီအတွင်း ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ရေနံထုတ်လုပ်ရေးလုပ်ငန်းများ နှောင့်နှေးမှုမဖြစ်စေရန် အချိန်နှင့်တစ်ပြေးညီ အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မလေးရှားနိုင်ငံသို့သယ်ဆောင်မည့် ငွေကျပ် ၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့် တရားခံများကို တွေ့ရစဉ်။

နေပြည်တော် မေ ၁၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မလေးရှားနိုင်ငံသို့ သယ်ဆောင် မည့် ငွေကျပ် ၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ည ၇ နာရီခွဲတွင် သတင်းအရ မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် သီရိရတနာဈေးဝင်းတွင် ယာဉ်မောင်း ဝင်းလှိုင်(ခ)ဦးချယ်နှင့် လှဘော်တို့ နှစ်ဦးအား Torota Wish ယာဉ်နှင့်အတူ တွေ့ရှိပြီး ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၅၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ မေ ၆ ရက် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်တွင် အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများ ဖြစ်ကြသည့် ထွန်းနိုင်နှင့် ဝင်းမြင့် တို့ကိုလည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် ကျောင်းကုန်းမြို့ အဝင် တိုးဂိတ်၌ အားကျီး(ခ)အားရှီးကို လည်းကောင်း၊ ညနေ ၅ နာရီတွင် တာချီလိတ်မြို့နယ် လွယ်ချီတုံကျေးရွာတွင် ကိုပေါက်(ခ) အောင်မြတ်ဝင်းကို လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် ပုသိမ်မြို့နယ် ချောင်းသာဟိုတယ်၌ ထိုင်းနိုင်ငံသား စိုင်းရှန်ဖ(ခ)ဘောန်(ခ) Mr. Piayapong Khammongkhon နှင့် စိုင်းနော်ခမ်း(ခ)အိုက်စိုင်းတို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်စစ်ဆေးဖော်ထုတ်ချက်များအရ မေ ၇ ရက် နံနက် ၁၁ နာရီတွင် ဒလမြို့နယ် စက်မြေရပ်ကွက်ရှိ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ပင်လယ်ပြင်သုံး ငါးဖမ်းစက်လှေတစ်စင်းနှင့်အတူ ရှိုင်းထက်အောင်(ခ)ဆံရှည်၊ အေးသောင်း၊ မျိုးနိုင်နှင့် သန်းစိုးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး မေ ၈ ရက် ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးများ တာဝန်ခံသယ်ဆောင်မည့် စက်လှေပိုင်ရှင် ဉာဏ်ဝင်းကို လည်းကောင်း၊ မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် တာချီလိတ်မြို့ ပါလျှံ(၁) ရပ်ကွက်တွင် အောင်ကျော်ထွန်း(ခ)အိုက်ဆမ်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိအိုက်စ်(မက်သ်အဖက်တမင်း) များကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့သယ်ဆောင်ပြီး ထိုမှတစ်ဆင့် ရေကြောင်းလမ်းအသုံးပြု၍ မလေးရှားနိုင်ငံ ရေပိုင်နက်သို့ သယ်ဆောင်မည်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိသူများအနက် ထိုင်းနိုင်ငံသား စိုင်းရှန်ဖ(ခ)ဘောန်(ခ) Mr. Piayapong Khammongkhon သည် ထိုင်းနိုင်ငံတွင် လူသတ်မှု၊ မူးယစ်ဆေးဝါးမှုတို့ဖြင့် အလိုရှိ တရားခံပြေးဖြစ်ကြောင်း၊ အမှုတွင် ပူးပေါင်းပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူများဖြစ်သည့် စိုင်းဂွမ်(ခ)စိုင်းဂွမ်း၊ စိုင်းအောင်ညွှန့်၊ အားချန်နှင့် လူဖီး တို့အပါအဝင် စုစုပေါင်း ၁၈ ဦးကို ဥပဒေအရအရေးယူထားရှိပြီး မူးယစ်ဆေးဝါးရောင်းဝယ်လုပ်ကိုင်ရာမှ ရရှိသည့် အကျိုးအမြတ်များနှင့်ပိုင်ဆိုင်မှုများ စိစစ်ဖော်ထုတ်၍ ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)၊ မလေးရှားနိုင်ငံ အမျိုးသား မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့(NADA) တို့နှင့်ပူးပေါင်း၍ ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၀၁၄၀ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၁၁၅၀)ကို လည်းကောင်း၊ မေ ၁၄ ရက်တွင် တောင်ကုတ်မြို့နယ်အတွင်း တရားမဝင် တောင်သရက်ခွဲသား ၅ ဒသမ ၀၀၂၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၁၈၂)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၃၃၂ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မှ မန္တလေးသို့ ထွက်ခွာလာသော ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်၌ တရားမဝင် တင်ဆောင်လာသော ထိုင်းတိုင်းရင်းဆေးအရည်နှင့် ခြင်ဆေးဘူးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ Toyota Mark II ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀)နှင့် Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၅၂၀ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၂၈၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်တောင်းတံတားလုံခြုံရေးရဲကင်းရှေ့၌ လိုင်စင်မဲ့ ယာဉ်လေးစီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၂၆၂၈၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၂ ရက်၊ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၀၆၄၁၃၂)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စု နန့်စလော်ကျေးရွာရှိ ဒက္ခိဏာဝန်မန်တောင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းတိုက်အား အကြမ်းဖက်အဖွဲ့များက ဒရုန်းဖြင့် ပစ်ချဖောက်ခွဲခဲ့သည့်ဖြစ်စဉ်" ခေါင်းစဉ်ဖြင့် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ရှိ စစ်ဆေးရေးဂိတ်၌ အကြမ်းဖက်အဖွဲ့အစည်းများ၏ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့်ဖြစ်စဉ်"နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၅-၂၀၂၂ အင်္ဂါနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၃၀ | SEA Games Vietnam (Highlights) |
| ၀၈:၃၅ | တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ် | ၁၈:၄၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၀၉:၁၅ | ထူးခြားစုံလင်အာရုပစိဗိတ်အစီအစဉ် | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ငေး' (အပိုင်း-၄) |
| ၀၉:၅၀ | SEA Games Vietnam (Highlights) | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၃:၃၀ | MRTV National News | ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ပြတ်စုံစမ်းထောက်' (အပိုင်း-၂၆) |
| ၁၆:၃၅ | ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ | | |
| ၁၇:၃၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (မြန်မာ့မီးရထား) | | |

### mitv

07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
07:05 Myanmar's Bamboo Hat
07:19 Let's Taste Delicious Insects: Silkworm Masala & Peppery Cricket Bread with Sunflower and Pumpkin Seeds
07:41 Conflict & Solution Between Man & Elephant
08:01 Insight Myanmar: Parenting & Child Development (Part-1)
08:27 Great Shwedagon - The Planetary Posts
08:40 Myanmar's Traditions and Culture: The Golden Land
09:01 News
09:24 Global Partnership for Brighter Future: Montenegro Pavilion at Expo 2020 Dubai
09:35 Myanmar Puppeteers (Chinlone)
09:45 Charming & Fragrant Sabai

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** သီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ရိုးရာအိမ်ချက်ဟင်းတစ်ခွက်

**ချင်း(လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)** သင်မယ်၊ရေးမယ်၊တို့ချင်းစာ(အပိုင်း-၁၉)

**ချင်း(ချို) (၀၉:၀၀ မှ ၁၀:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)** မုဒုံမြို့သို့အလည်တစ်ခေါက် 'ဘင်လှိုင်ဘုရား'

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ရွှေချမ်းသာဖောင်တော်ဦးဘုရားပွဲ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ပန်လုံမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၂၀:၀၀ မှ ၂၁:၀၀)** ဒီမောဆိုမြို့လေးနှင့်ဖိုးဒီးခရီး

**ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကရင်တိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေး(ယဉ်ကျေးမှု)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ် |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနှင့်ဒေါသ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆) |
| ၁၁:၀၀ | Election Indonesia |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၆) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ်သို့(အပိုင်း-၁) |
| ၀၆:၄၅ | လူတိုင်းပါဝင်ရမည့်အာဟာရမြှင့်တင်ရေး |
| ၀၇:၀၀ | မျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့်ရွှေနေကြာ |
| ၀၇:၅၀ | တောင်သူ့ဘဝသုတကဏ္ဍ |
| ၀၉:၂၀ | ဆန်းသစ်တဲ့အမြင် ဒရုန်းလေယာဉ် |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို ဧနေ့တနင်္လာနေ့မှအစ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံအပေါ် အမိန့်ချမှတ်

**နေပြည်တော် မေ ၁၆**

မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးများ ရယူသုံးစွဲခဲ့မှုများအပေါ် ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ပြီးဖြစ်သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်လျက် ၂၀၁၈ ခုနှစ်မှစတင်၍ သံလွင်မြစ်အတွင်း သဲများစုပ်ယူထုတ်လုပ်ခဲ့ရာတွင် လုပ်ငန်းရှင်များထံမှ စုစုပေါင်း ငွေကျပ်သိန်း ၅၆၉၀ ကျော်ကို လက်ခံရယူခဲ့ခြင်း၊ သဲသောင်တူးဖော်ရေးလုပ်ငန်းတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ အမှန်တကယ်ပေးသွင်းရမည့် ခတ်သတ္တုခွန်အား လုပ်ပိုင်ခွင့်မရှိဘဲ လျှော့နည်းပေးသွင်းရန် ခွင့်ပြုခဲ့ခြင်းကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှရရှိမည့် ဘဏ္ဍာငွေကျပ်သိန်း ၁၃၂၀ ကျော် နစ်နာဆုံးရှုံးခဲ့ခြင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေများမှ ငွေကျပ် သိန်း ၂၀၀ ကို ပုဂ္ဂိုလ်ရေးအရ အခြားသူတစ်ဦးသို့ ခေတ္တထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှုမရှိခြင်း၊ အခြားပုဂ္ဂိုလ် နှစ်ဦးသို့ ငွေကျပ် သိန်း ၆၅၀ ထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှုမရှိခြင်းတို့သည် နိုင်ငံတော်၏ ငွေကြေးပိုင်ဆိုင်မှုကို နစ်နာဆုံးရှုံးစေခဲ့ခြင်းအပါအဝင် အဂတိလိုက်စားမှုများကို ကျူးလွန်ခဲ့ခြင်းကြောင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ မွန်ပြည်နယ်တရားလွှတ်တော်တွင် ၂၇-၄-၂၀၂၁ ရက်နေ့၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၁/၂၀၂၁ မှ ၈/၂၀၂၁ အထိ အမှု ကိုးမှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

မွန်ပြည်နယ်တရားလွှတ်တော်က ယနေ့ရက်စွဲဖြင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ အမှုကိုးမှုအတွက် ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ် ၂၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းကို ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်နေ ဇော်ဝင်းအောင်(ခ)အကြိုင်းသည် ၎င်းအသုံးပြုသည့် "Zaw Win Aung" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါးရပ်ကွက်နေ မြင့်နွယ်ဝင်းသည် ၎င်းအသုံးပြုသည့် "Myint New Win" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်နေ သက်ပိုင်ဟိန်းနှင့် ကိုထက်တို့သည် ၎င်းတို့အသုံးပြုသည့် "Thet Paing Hein" Facebook အကောင့်၊ "Ko Htet" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့ အမှတ်(၆)ရပ်ကွက်နေ သောင်းမြင့်ဦးသည် ၎င်းအသုံးပြုသည့် "Thaung Myint Oo" Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါးရပ်ကွက် အပိုင်း(၂)နေ အေးအေးခိုင်(ခ)မခိုင်သည် ၎င်းအသုံးပြုသည့် "Ma Khaing" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm



# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ကျောက်တံခါး မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစည်သူစန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ကျောက်တံခါးမြို့ပေါ်ရပ်ကွက်များအတွင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုးကြိုကာလသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခြင်များအလွယ်တကူပေါက်ပွားနိုင်သည့် ရေတွင်း၊ ရေကန်များ၊ ရေစည်၊ ရေပုံးများအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြင်များပေါက်ပွားမှုမရှိစေရေးအတွက် အိမ်တိုင်းတွင်ထားရှိသော ဘုရားပန်းအိုးများ၊ မိုးရေများတင်ကျန်နိုင်သည့် တာယာခွံ၊ ရေအိုးဟောင်းများနှင့် ဘူးခွံများတွင် ရေများ တာရှည်စွာမထားနိုင်ရေး ဆောင်ရွက်ပေးကြပါရန် အသိပညာ ပေးပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၃၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၇၅ | ၂၃၉၅ | ၂၄၃၀ |
| 95 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၆၀ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၉၀ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၆၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၁ | ၂၀၆၄ |
| 95 Ron | ၂၀၄၅ | ၂၁၂၀ |
| HSD (500 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ကျေးရွာ ဂျာနယ် ထွက်ရှိ



၁၅-၅-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၁၀)တွင်
- စပါးအထွက်တိုးခြင်းအစ ပျိုးပင်ကောင်းမှ
- ရေဆင်း(၁) စပ်မျိုးနေကြာ တိုးချဲ့စိုက်ပျိုးပါ
- ငွေနှင်းမှို စိုက်ပျိုးရေးနှင့် ဈေးကွက်အခြေအနေ
- ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံးမျိုးမသုဉ်း
- ကျွဲနွားများတွင်ဖြစ်တတ်သောရောဂါများနှင့် ကုသပျောက်ကင်းစေသောနည်းများ
- ပြည်ပဈေးကွက်ဝင်သည့် ကျောက်ငါး
- ငရုတ်သီးမှို သတိပြုစေလို
- ကျန်းမာစေရေးအတွက် တစ်နေ့တာအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## ဗုဒ္ဓဟောကြား ဓမ္မအဆီအနှစ်များမှ မျှဝေခံစား တရားမှတ်စုများ

စာရေးသူ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၏ ဗုဒ္ဓဟောကြား ဓမ္မအဆီအနှစ်များမှ မျှဝေခံစား တရားမှတ်စုများ စာအုပ် ယခုမေလတွင် ပထမအကြိမ် ထွက်ရှိလာသည်။



စာရေးသူက ဖေ့စ်ဘွတ်တွင် နေ့စဉ်တွေ့ရှိဖတ်ရှုမှတ်သားထားလာခဲ့ရသည့် တရားစာစုများကို အခြားသူများလည်း သိရှိဖတ်ရှုဆင်ခြင်နှလုံးသွင်းနိုင်စေလိုသော ဆန္ဒမွန်ဖြင့် စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ယခုစာအုပ်တွင် မန်လည်ဆရာတော် ဦးဇဝန၊ လယ်တီဆရာတော် ဦးဉာဏဓဇ နှင့် မစိုးရိမ်ဆရာတော် ဦးသူရိယာဘိဝံသတို့အပါအဝင် ထင်ရှားကျော်ကြားသည့် ဆရာတော် ၅၅ ပါးတို့၏ တရားဒေသနာမှတ်စုများကို ဆရာတော်ကြီးများ၏ ရှားပါးဓာတ်ပုံများဖြင့် စုစည်းပြုစုကာ မျှဝေထားသည်။ ဆရာတော်ကြီးများ၏ ဓမ္မစာစုများကို စုစုစည်းစည်း သိမ်းဆည်းစုဆောင်းဖတ်ရှုလိုသူများ၊ ဓမ္မဒါနပြုကုသိုလ်ယူလိုသူများ အတွက် ဖတ်ရှုမှတ်သား ဆင်ခြင်နှလုံးသွင်းသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို နှစ်ဆယ့်ခွန်စာပေ အမှတ်(၂၃၃) သီရိမြိုင်(၉)လမ်း (၁၃)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့က ထုတ်ဝေပြီး မဥ္ဇူပုံနှိပ်တိုက် ၂၄၄၊ လမ်း ၄၀(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ပုံနှိပ်ကာ ပန်းဆွေမွန်စာပေ ဖုန်း ၀၉၂၅၀၀၁၃၉၈၅၈ မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချီသည်။

ကြေးမုံ

## စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချီရောင်းချ

**"တစ်နေ့နေ့ထဲက တစ်နေ့"**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ပြဇာတ်စာပေ ဒုတိယဆုရရှိသည့် စာရေးသူ မောင်မြေနီ (တမာတော)၏ "တစ်နေ့နေ့ထဲက တစ်နေ့" စာအုပ်ကို ရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချီရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မိုးခေါင်သော ကျေးလက်ဒေသရွာတစ်ရွာတွင် လယ်ယာသီးနှံစိုက်ပျိုးရေးကို ခေတ်မီနည်းပညာများအသုံးပြုလျက် သီးနှံအထွက်တိုးစေရန် ဇာတ်အိမ်ပြု၍ ရေးသားထားသည်။ မိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူလယ်သမားသင်တန်းကျောင်း၏ လမ်းညွှန်မှုဖြင့် ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းကို ဦးဆောင်သည့် ဘွဲ့ရလူငယ်တစ်ဦးနှင့် ကျေးလက်ရှိတောင်သူများ၏ ရိုးသားမှုကို အခွင့်ကောင်းယူကာ ငွေကြေးဖြင့် ဖြားယောင်း အမြတ်ထုတ်သည့် မြို့ပေါ်မှ စီးပွားရေးသမားတစ်ဦး၏ စိတ်နေသဘာဝများ၊ မေတ္တာရေးပဋိပက္ခများ၊ မိမိဇာတိရပ်ရွာ၏ ယာသီးနှံစိုက်ပျိုးရေးသာမက စာကြည့်တိုက်များတည်ထောင်ကာ ရပ်ရွာ လူ့စွမ်းအားဖွံ့ဖြိုးမှုကိုပါ တိုးတက်အောင် ကြိုးစားကြသူများ၊ ခေတ်မီနည်းပညာ အသုံးပြုခြင်း၏ ကျေးဇူးများကို ရသတွင် သုတရောလျက် စိတ်ဝင်စားဖွယ်ရေးသားထားပါသည်။ ကျေးလက်အငွေ့အသက်နှင့် ပြဇာတ်တွင်ပါဝင်သူတို့၏ စရိုက်များကို ပေါ်လွင်သွက်လက်စွာ ရေးဖွဲ့ထားပြီး ဦးတည်ချက်ကောင်းမွန်သည့် ကျေးလက်သဘာဝသရုပ်ဖော် ပြဇာတ်ရှည်ဖြစ်သည်။

**"ရွာကြီးတစ်ရွာသို့ အလည်တစ်ခေါက်"**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ လူငယ်စာပေ တတိယဆုရရှိသည့် စာရေးသူ ကိုရွှေရင်အေး၏ "ရွာကြီးတစ်ရွာသို့ အလည်တစ်ခေါက်" စာအုပ်ကို ရောင်းဈေးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချီရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ပေးစာပုံစံ ဆောင်းပါး အပုဒ် ၂၀ ပါဝင်သည်။ မြန်မာ့တိုင်းရင်းသားနှင့် ကျေးလက်ဒေသတို့၏ ပထဝီဝင်၊ ထုံးတမ်းဓလေ့၊ ယဉ်ကျေးမှု၊ ကိုယ်ပိုင်စရိုက်လက္ခဏာ စသည့် ကွဲပြားခြားနားမှု အမျိုးမျိုးအပေါ် အတွေးအမြင် ဆင်ခြင်နှိုင်းဆတင်ပြထားသော စေတနာအရင်းခံ ပြုပြင်ရေးပုံစံဖြင့် ရေးသားထားသည်။ လိုအပ်ရာနေရာများ၌ ကဗျာ၊ သီချင်း၊ နိုင်ငံရပ်ခြား ဗဟုသုတဖြစ်ရပ်များနှင့် သိပ္ပမကျန်၊ နည်းနာအခြေခံများကိုပါ ကိုးကားရေးသားထား၍ လူငယ်များအတွက် သင့်လျော်ရုံမျှမက အကျိုးကျေးဇူးရရှိမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိစာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲစတင်ကျင်းပ



နေပြည်တော် မေ ၁၆

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ သုံးယောက်တွဲ၊ နှစ်ယောက်တွဲ ပိုက်ကျော်ခြင်း သရုပ်ပြကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် အုပ်စု လေးစုခွဲကာ မေ ၂၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဆီးဂိမ်း ဘီလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ပေါက်စ ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် မေ ၁၆

ဆီးဂိမ်း ဘီလိယက်၊ စနူကာနှင့် Pool ပွဲစဉ်များကို ယနေ့တွင် ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် ဘီလိယက်ကစားသမား ပေါက်စ ဗိုလ်လုပွဲတက်ရောက်သွားသည်။

ပေါက်စသည် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရပြီး အိမ်ရှင် ဗီယက်နမ်ကစားသမားကို သုံးပွဲပြတ်ဖြင့် အနိုင်ခဲ့သည်။ ထို့နောက် ဆီမီးဖိုင်နယ်တွင် ထိုင်းနာမည်ကြီးကစားသမား ပရာပွတ်ကို ၃-၁ ပွဲဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ပေါက်စသည် ပထမပွဲငယ်တွင် ၆၅-၁၀၀ မှတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ပွဲငယ် သုံးပွဲဆက်တိုက် ပြန်လည်အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ပေါက်စသည် ဒုတိယပွဲငယ်တွင် ၁၀၀-၉ မှတ်၊ တတိယပွဲငယ်တွင် ၁၀၀-၂၇ မှတ်၊ စတုတ္ထပွဲငယ်တွင် ၁၀၀-၃၀ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ပေါက်စသည် ဗိုလ်လုပွဲတွင် စင်ကာပူ နာမည်ကြီး ဘီလိယက်ကစားသမား ပီတာဂေးလ်ခရစ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မေ ၁၇ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပီတာဂေးလ်ခရစ်သည် ဆီးဂိမ်းဘီလိယက် တစ်ဦးချင်းရွှေတံဆိပ်ဆုကို ၂၀၀၉ ခုနှစ်မှစတင်ကာ ခြောက်ကြိမ် ဆက်တိုက်ရယူထားသူဖြစ်သည်။ ဘီလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ မင်းစည်သူထွန်းသည် ကွာတားဖိုင်နယ်တွင် ပီတာဂေးလ်ခရစ်ကို ရှုံးနိမ့်ခဲ့သည်။

စနူကာ 6 Reds တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ဖြစ်သည့် အောင်ဖြိုးနှင့် ဝင်းကိုကိုတို့နှစ်ဦးစလုံး ကွာတားဖိုင်နယ်အဆင့်မှ



ထွက်ခဲ့ရသည်။ Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် မြန်မာကစားသမား သော်ဇင်ထက်မှာမူ ကွာတားဖိုင်နယ်အဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-Pauk Sa Facebook

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဗီယက်နမ် | ၈၇ | ၅၄ | ၅၆ | ၁၉၇ |
| ထိုင်း | ၃၆ | ၃၇ | ၅၇ | ၁၃၀ |
| ဖိလစ်ပိုင် | ၃၀ | ၃၄ | ၄၅ | ၁၀၉ |
| စင်ကာပူ | ၂၄ | ၂၅ | ၂၉ | ၇၈ |
| အင်ဒိုနီးရှား | ၂၃ | ၃၆ | ၂၉ | ၈၈ |
| မလေးရှား | ၁၉ | ၂၄ | ၄၅ | ၈၈ |
| မြန်မာ | ၄ | ၅ | ၉ | ၁၈ |
| ကမ္ဘောဒီးယား | ၁ | ၄ | ၁၀ | ၁၅ |
| ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| လာအို | ၀ | ၁ | ၁၃ | ၁၄ |
| တီမောလက်စ်တေ | ၀ | ၁ | ၀ | ၁ |

### ✻ ဆီးဂိမ်းမှ

မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် မေ ၁၈ ရက်တွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ယခုပွဲစဉ်အပြီးတွင် အင်ဒိုနီးရှားအသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ထိုင်းအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဗီယက်နမ်အသင်းက နှစ်ပွဲကစား လေးမှတ် ရရှိထားပြီး နှစ်ပွဲကစားထားသည့် မြန်မာနှင့် သုံးပွဲကစားထားသည့် မလေးရှားအသင်းတို့မှာ အမှတ်မရသေးပေ။

သတင်း-ကိုညီလေး
ဓာတ်ပုံ - MFF

### ○ ဆီးဂိမ်းအမျိုးသားမှ

ထိုင်းအသင်းသည် လာအိုကို အနိုင်ကစားကာ အုပ်စုပထမနေရာ ရယူနိုင်ခဲ့သည်။ ထိုင်းအသင်းသည် အဖွင့်ပွဲတွင် မလေးရှားကို အရေးနိမ့်ခဲ့သော်လည်း နောက်ဆုံးသုံးပွဲဆက် အနိုင်ယူကာ အုပ်စု ပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု (ခ) ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ကိုးမှတ်ဖြင့် အုပ်စု ပထမ၊ မလေးရှားအသင်းက ရှစ်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီး ဖိုင်နယ် တက်ရောက်ခဲ့ပြီး ငါးမှတ်ရသည့် စင်ကာပူအသင်း၊ လေးမှတ် ရသည့် ကမ္ဘောဒီးယားအသင်းနှင့် တစ်မှတ်ရသည့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်နှင့် မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့ တွေ့ဆုံနေပြီး မေ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-FAM

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# အေစီမီလန်အသင်း ၁၁ နှစ်တာကာလအတွင်း အီတလီစီးရီးအေဖလား ပထမဆုံးအကြိမ် ရရှိရန်နီးစပ်လာ



အေစီမီလန်အသင်းဟာ အီတလီစီးရီးအေပွဲစဉ် ၃၇ အဖြစ် မေ ၁၅ ရက်ညပိုင်းက အတ္တလန္တာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက အတ္တလန္တာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ဘောလုံးရာသီ ၁၁ ရာသီအကြာမှာ အီတလီစီးရီးအေဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ဖို့ နီးစပ်လာခဲ့တာလည်း ဖြစ်ပါတယ်။

အီတလီစီးရီးအေပွဲစဉ်(၃၇)မှာ အမှတ်ပေးဇယား ထိပ်ဆုံးက ဆုဖလားရရှိဖို့ အပြိုင်ကြိုးပမ်းနေတဲ့ အေစီမီလန်အသင်းက အတ္တလန္တာအသင်းကို အနိုင်ရရှိခဲ့သလို အင်တာမီလန်အသင်းကလည်း ကာဂလီယာယီအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဒါကြောင့် အမှတ်ပေးဇယား ထိပ်ဆုံးက အေစီမီလန်အသင်းဟာ ကစားဖို့ တစ်ပွဲကျန်အနေအထားမှာ မြို့ခံပြိုင်ဘက် အင်တာမီလန်အသင်းကို သုံးမှတ်ဖြတ်ကာ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေဖလားကို ဆွတ်ခူးနိုင်ဖို့ နီးစပ်လာခဲ့တာလည်း ဖြစ်ပါတယ်။

အေစီမီလန် အသင်းနဲ့ အတ္တလန္တာ အသင်းတို့ပွဲစဉ်မှာ အေစီမီလန် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၅၆ မိနစ်မှာ ကွန်ဆယ်ကာအိုလီယိုက တစ်ဂိုးနဲ့ ၇၅ မိနစ်မှာ သီယိုဟာနန်ဒက်ဇ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး အေစီမီလန်အသင်းဟာ ဇန်နဝါရီလကတည်းက အီတလီစီးရီးအေ မှာ ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အီတလီစီးရီးအေ ဖလားပြိုင်ပွဲမှာ အေစီမီလန်အသင်းဟာ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီက ချန်ပီယံ ဖြစ်ခဲ့ပြီးနောက်ပိုင်း ဂျူဗင်တပ်အသင်း ကသာ ဘောလုံးရာသီကိုးရာသီဆက်တိုက် စီးရီးအေချန်ပီယံ ဖြစ်ခဲ့တာဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီမှာတော့ အင်တာမီလန်အသင်းက စီးရီးအေချန်ပီယံ ဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ယခု ၂၀၂၁-၂၀၂၂ ဘောလုံးရာသီမှာအီတလီစီးရီးအေ ချန်ပီယံ ဘယ်အသင်းဖြစ်လာမလဲ ဆိုတာ ထပ်မံစောင့်ကြည့်ရဦးမှာ ဖြစ်ပြီး အေစီမီလန်အသင်းက နောက်ဆုံးပွဲစဉ်မှာ ရှုံးနိမ့်ကာ အင်တာမီလန်အသင်းက အနိုင် ရရှိခဲ့မယ်ဆိုရင် အင်တာမီလန် အသင်းက နှစ်ရာသီဆက် ချန်ပီယံ ဖြစ်လာမှာဖြစ်ပြီး အေစီမီလန်အသင်း အနိုင်ရရှိခဲ့မယ်ဆိုရင်တော့ အေစီမီလန် အသင်းဟာ ဘောလုံးရာသီ ၁၁ ရာသီအကြာမှာ ပထမဆုံးအကြိမ် စီးရီးအေဖလား ရရှိတော့မှာဖြစ်ပါတယ်။

ငွေကြယ်

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၄ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၉၂,၄၈၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၁၄၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၀၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား/ ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၁၁) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၃) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၃) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၉၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၂၈) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၄၄၉) ခု | (၂) ဦး |
| **စုစုပေါင်း** | (၉,၁၅၅) ခု | (၄) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၂၃၀၈၂၉ | ၈၁၂၈၂၉၆၄ | ၁၀၂၆၆၇၀ |
| ၂။ | အိန္ဒိယ | ၄၃၁၂၃၈၀၁ | ၄၂၅၈၂၂၄၃ | ၅၂၄၂၄၁ |
| ၃။ | ဘရာဇီး | ၃၀၆၈၈၃၉၀ | ၂၉၇၂၄၆၈၂ | ၆၆၄၉၆၇ |
| ၄။ | ပြင်သစ် | ၂၉၁၈၃၆၄၆ | ၂၈၁၇၀၆၅၈ | ၁၄၇၂၅၇ |
| ၅။ | ဂျာမနီ | ၂၅၇၈၀၂၇၀ | ၂၄၀၁၄၀၀၀ | ၁၃၇၉၂၁ |
| ၆။ | ဗြိတိန် | ၂၂၁၅၉၈၀၅ | ၂၁၇၀၃၀၅၇ | ၁၇၆၇၀၈ |
| ၇။ | ရုရှား | ၁၈၂၆၄၈၃၆ | ၁၇၆၅၂၅၅၈ | ၃၇၇၇၅၉ |
| ၈။ | တောင်ကိုရီးယား | ၁၇၇၉၅၃၅၇ | ၁၇၁၂၀၃၅၆ | ၂၃၇၄၄ |
| ၉။ | အီတလီ | ၁၇၀၅၇၈၇၃ | ၁၅၈၉၄၅၁၁ | ၁၆၅၂၄၄ |
| ၁၀။ | တူရကီ | ၁၅၀၅၄၃၂၂ | ၁၄၉၅၂၄၂၈ | ၉၈၉၀၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၉၈၁၈၀ | ၉၃၅၉၇၆၃ | ၄၃၀၆၇ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၀၉၅၈ | ၅၈၈၉၇၉၇ | ၁၅၆၄၆၄ |
| ၃။ | မလေးရှား | ၄၄၇၈၁၁၂ | ၄၄၁၁၇၆၂ | ၃၅၆၁၅ |
| ၄။ | ထိုင်း | ၄၃၇၉၀၈၄ | ၄၂၈၂၇၆၇ | ၂၉၅၁၅ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၈၂၉၂ | ၃၆၂၅၁၄၆ | ၆၀၄၅၈ |
| ၆။ | စင်ကာပူ | ၁၂၄၂၈၈၄ | ၁၁၆၆၀၃၇ | ၁၃၆၃ |
| ၇။ | မြန်မာ | ၆၁၃၁၄၄ | ၅၉၂၀၉၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၄၃၄ | ၂၀၈၃၄၄ | ၇၅၄ |
| ၉။ | ဘရူနိုင်း | ၁၄၄၉၅၆ | ၁၄၃၀၆၀ | ၂၂၁ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၉၇ | ၃၀၅၆ |

## မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလားအသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မအူပင် မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၁၉ နှစ်အောက် လေးမြို့နယ် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီက မအူပင်ခရိုင်ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ခဲ့ကြပြီး အားကစားစစ်ကြောင်းမှူးကဦးဆောင်၍ လေးမြို့နယ်အားကစားသမားများက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအား အလေးပြုကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ လေးမြို့နယ်အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်များ ရွတ်ဆိုကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ပြီး ဖွင့်ပွဲနေ့ပွဲစဉ်အဖြစ် ညောင်တုန်းမြို့နယ်ဘောလုံးအသင်းနှင့် ဓနုဖြူမြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

သို့ပေမဲ့ စေတနာပျက်ဟန်ကိုမူ မပြခဲ့ကြ။

အဆုံးသတ်ခရီးဖြစ်သော ရန်ကုန်မြို့သို့ ဆိုက်ရောက်လာသည်။

တင်တင်ရီအဖို့ ရန်ကုန်သည် ဆန်းကြယ်သည်။ ရှုပ်ထွေးသည်။ အကယ်၍ တစ်ကိုယ်တည်းသာဆိုလျှင် မသွားတတ်မလာတတ်နှင့် အဘယ်မျှ ဒုက္ခရောက်ရမည်ဆိုခြင်းကို တွေးတတ်လာသည်။ ထို့ကြောင့်လည်း ဦးမြတ်စံတို့ကို ပို၍အားကိုးမိသည်။ ပို၍တွယ်တာမိသည်။

သူငယ်ချင်းဖြစ်သူနှင့် တိုင်ပင်ခဲ့သည့်အတိုင်း သူငယ်ချင်း၏ အဒေါ်အိမ်သို့သွားရန် တင်တင်ရီ ဆုံးဖြတ်သည်။ ဦးမြတ်စံတို့က လိုက်ပို့ပေးမည်ဆိုကာ အငှားကား ငှားသည်။ လိပ်စာအတိုင်း လာခဲ့ကြသည်။

သူငယ်ချင်း၏အဒေါ်အိမ်မှာ လူကုံထံရပ်ကွက်တွင်ရှိသည်။ နန်းတော်တမျှ ခမ်းနားသည်။ အိမ်အတွင်း ဝင်ရောက်ဖို့ပင်မလွယ်။ သံတံခါးနှင့်၊ အစောင့်နှင့်၊ အယ်လ်ဆေးရှင်းခွေးနှင့်။ သည်အိမ်မှာ အဆင်ပြေ၊ မပြေ မပြောနိုင်သေးသဖြင့် တင်တင်ရီသည် သူနှင့်အတူ ဦးမြတ်စံတို့ကို အိမ်အတွင်း အပါခေါ်ခဲ့သည်။

သူငယ်ချင်း၏အဒေါ်မှာ ရွှေမျက်မှန် တဝင်းဝင်းနှင့် အသားဖြူဖြူ၊ ဝဝရွှဲရွှဲ မိန်းမကြီးတစ်ယောက်ဖြစ်သည်။ မြင်ရုံနှင့်ပင် ကိန်းခန်းကြီးမည့်အမျိုးအစားဖြစ်ကြောင်း သိသာသည်။

တင်တင်ရီတို့အား နေရာထိုင်ခင်းမပေး။ အလေးတယူ စကားပြောလိုပုံလည်းမပေါ်။ ဦးမြတ်စံတို့ကို အထင်သေးစွာကြည့်သည်။

တင်တင်ရီသည် သူငယ်ချင်းဖြစ်သူ၏စာကို ပြရသည်။

"ဩော်၊ ညည်းလား အစေခံလုပ်မယ်ဆိုတာ"

စာဖတ်ပြီးလျှင် မိန်းမကြီးက မေးသည်။

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ရှင့်" လို့ ဖြေရတယ်။ ပြန်ဖြေစမ်း "ဟုတ်ကဲ့ရှင့်" လို့

တင်တင်ရီသည် လာလာချင်း ဆောက်နှင့်အထွင်းခံရလေပြီဟု နားလည်လိုက်သည်။ တင်တင်ရီသည် ရိုင်းစိုင်းတတ်သူမဟုတ်။ "ဟုတ်ကဲ့ရှင့်" ဆိုသည်မှာလည်း တင်တင်ရီတို့ မန်းသူများ၏ အသုံးအနှုန်းပင်။ သို့ရာတွင် "ခင်ဗျား" နှင့် "ကျွန်တော်" နှင့် ပြောနေကျသဖြင့် "ရှင်" ဆိုသောစကားကို အသုံးအစွဲနည်းခဲ့သည်။

တင်တင်ရီသည် သူ့သဘောကျ ပြန်ပြောရသည်။

"ညည်း တကယ် အစေခံလုပ်မလို့လား"

အမေးကို တင်တင်ရီ ခေါင်းညိတ်ပြသည်။

မိန်းမကြီးသည် မပြုံးဘဲ ဝါးလုံးကွဲရယ်သည် ဆိုသည့်နည်းမျိုးဖြင့် ရယ်ချလိုက်သည်။

"အမလေးဟဲ့၊ ဒီရုပ်ဒီရည်များ အစေခံလုပ်မလို့တဲ့။ အရပ်ကတို့ရေ လာကြည့်ကြပါဦး"

တင်တင်ရီမှာ မိန်းမကြီး ရုတ်တရက်ရူးသွပ်သွားလေပြီလား ထင်သည်။

"စာထဲမှာ ဆယ်တန်းဖြေတယ်လို့လည်း ပါတယ်။ အမှန်ပဲလားဟင်"

"ဟုတ်၊ ဟုတ်ကဲ့ရှင့်"

"ဟား ဟား၊ ငါတော့ အူတက်လို့သေတော့မှာပဲ။ ဆယ်တန်းဖြေထားတဲ့လူက အစေခံလုပ်မလို့တဲ့"

မိန်းမကြီးသည် အားပါးတရရယ်ပြီးနောက် ချက်ချင်းဆိုသလို မျက်နှာမှာ တည်ကြည်သွားသည်။

"မဖြစ်ဘူး ကျောင်းအမရေ။ မဖြစ်ရေးချ မဖြစ်ပဲ။ ဒါမျိုးတွေ ကြံ့ဖူးပေါင်းများလှပြီ။ ဘယ်တော့မှ ထောင့်ကျိုးတတ်တဲ့ အစားတွေမဟုတ်ဘူး။ လူလိုချင်တယ်ဆိုတာက အရုပ်ကလေးတစ်ရုပ်လို ထိုင်ကြည့်နေဖို့မဟုတ်ဘူး။ ခိုင်းဖို့၊ ငါလိုချင်တာက နကန်းတစ်လုံးမှမတတ်တဲ့ဟာမျိုး၊ အရုပ်ဆိုးဆိုး အကျည်းတန်တန်ဟာမျိုး၊ အဲဒါမျိုးကမှ နကန်နာတာ။ အပိုးကျိုးတာ"

မိန်းမကြီး၏ စကားမဆုံးမီမှာပင် တင်တင်ရီသေတ္တာကို ကောက်ယူပြီးသားဖြစ်နေသည်။ ပြန်ခွင့်မတောင်းမိ။ နှုတ်ဆက်ဖို့လည်း သတိမရ။ ချာကနဲလှည့်ကာ အိမ်ထဲမှထွက်လာခဲ့သည်။ သူ့နောက်မှ ဦးမြတ်စံတို့ လိုက်ပါလာသည်ကို သတိမထားမိ။

ခြံအပြင်သို့ရောက်လာမှပင် ဦးမြတ်စံတို့ကို ရပ်စောင့်မိသည်။ စိတ်တွင် ဘယ်လိုအမျိုးအစားနှင့်များ လာတွေ့ရပါလိမ့်ဟု စဉ်းစားသည်။ သည်အိမ်သို့ သွားရန် ညွှန်လိုက်လေသော သူငယ်ချင်းဖြစ်သူကိုပင် အပြစ်တင်ရတော့မလို စိတ်ဆိုးရတော့မယောင်ယောင်နှင့်။

ဦးမြတ်စံက ယခုမှ စိတ်လက်ပေါ့ပါးသွားသလို သက်ပြင်းချလိုက်သည်။

"ကဲ၊ ဘယ်လိုလုပ်ကြမလဲ သမီး"

တင်တင်ရီ ဘာပြန်ပြောရမည်မသိတတ်။

"ကဲလေ၊ အဘတို့အိမ်ကိုပဲ လိုက်ခဲ့ဦးပေါ့၊ ဟုတ်လား။ ဖြည်းဖြည်းစဉ်းစားပေါ့"

တင်တင်ရီတွင် ဦးမြတ်စံ၏အကြံထက် ကောင်းသောအကြံမရှိ။ ယင်းနည်းလမ်းမှတစ်ပါး အခြားရွေးချယ်စရာမတွေ့။

သို့နှင့်ပင် တင်တင်ရီသည် ဦးမြတ်စံတို့အိမ်သို့ ရောက်ခဲ့ရလေသည်။

ဦးမြတ်စံ၏ဇနီးသည် တင်တင်ရီကို မြင်လျှင်မြင်ချင်းပင် သမီးတစ်ယောက်ကောက်ရသည့်နှယ်ရှိသည်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ ထို့ကြောင့်ပင် ယင်းအိမ်တွင် တင်တင်ရီ သောင်တင်နေရသည်။

နေသားမကျခင်က တင်တင်ရီမနေတတ် မထိုင်တတ်ဖြစ်ရသည်။ အငြိမ့်ထောင်ဆရာအိမ်ဆိုတော့ လူအဝင်အထွက်များသည်။ အငြိမ့်စင်နှင့်ပတ်သက်သော ပစ္စည်းပစ္စယများ၊ ဆိုင်းများ ဗုံများဖြင့် စုံလင်နေသည်။ လူပြက်၊ ယိမ်းသမ၊ အငြိမ့်မင်းသမီး၊ ဆိုင်းဆရာ၊ ကားဆွဲ စသောလူတန်းစားများကို မြင်နေရသည်။

သီချင်းတိုက်သံ ဆိုင်းသံဗုံသံကို အစဉ်ကြားရမြဲ။

အစသော် တင်တင်ရီသည် မီးဖိုခန်းမှမထွက်။ အိမ်၏ဝေယျာဝစ္စများကို ဆောင်ရွက်နေသည်။ ယင်းနေရာသည်သာ မိမိ၏နေရာမှန်ဟု ထင်ခဲ့သည်။

တစ်နေ့ လူစုံသောအခါ ဦးမြတ်စံသည် တင်တင်ရီအား မီးဖိုခန်းမှ ခေါ်ထုတ်သည်။ ဦးမြတ်စံကိုယ်တိုင်ပတ္တလားမှာ ထိုင်သည်။ တင်တင်ရီကို "အိုကြော့ဆုံးမယ်" ချီ လွမ်းချင်းဆိုခိုင်းသည်။ တင်တင်ရီ မငြင်းပယ်နိုင်ဘဲ ဆိုရသည်။ နောက်တော့ ဆိုင်းအဖွဲ့နှင့်အတူ ယိုးဒယားကန်တော့ခန်းအက ကပြရသည်။

ပြီးလျှင်မူ လူတကာကပင် တင်တင်ရီအား မင်းသမီးဖြစ်နိုင်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ကြသည်။

"ကဲ သမီး၊ သမီးရဲ့ အခက်အခဲကို အဘတို့သိတယ်။ တတ်နိုင်သမျှ အကူအညီပေးခဲ့တယ်။ အခု အဘတို့ကြုံနေရတဲ့ အခက်အခဲကိုလည်း သမီးအသိအမြင်ပဲ။ ဒီအခက်အခဲမှာ သမီးမကူညီရင် မဖြစ်နိုင်ဘူးဆိုတာလည်း နားလည်ပါလိမ့်မယ်ကွယ်။ အဘဒီလောက်ပဲ ပြောပါရစေ"

ဦးမြတ်စံက စကားကို တိုတိုတုတ်တုတ်ဆိုသည်။

"ကျွန်တော်လည်း အဘတို့အခက်အခဲကို ကူညီချင်ပါတယ် အဘရယ်။ ဒါပေမဲ့ အငြိမ့်ခုံဆိုတာ ကျွန်တော့်အတွက် စိမ်းလွန်းနေမလားလို့ပါ"

သည်တွင် ကိုသော်တာက ဆိုသည်။

"တို့တစ်တွေ ရှိသားပဲဟာ၊ တို့ဝိုင်းထိန်းပေးမှာပေါ့ ဟုတ်လား"

တင်တင်ရီတွင် ငြင်းပယ်ရန် အင်အားမရှိတော့။

ဦးမြတ်စံ၏ဇနီး ယိုးဒယားမယ်မြမှာ မင်းသမီးဟောင်းကြီးဖြစ်သည်။ ကိုယ်တိုင်သင်နိုင်ပြနိုင်သည်။ တင်တင်ရီအား သူကိုယ်တိုင် အကပညာကို လက်ပွန်းတတီးသင်ပေးသည်။ တစ်ဖွဲ့သားလုံးကလည်း ရိုင်းရိုင်းပင်းပင်း ကူညီကြသည်။

သို့ဖြင့် တင်တင်ရီသည် အရှင်မွေး၊ နေ့ချင်းကြီးဆိုသလို ဖြစ်ရသည်။ နေ့ချင်း ညချင်းပင် အငြိမ့်ခေါင်းဆောင်မင်းသမီး ဖြစ်လာရသည်။ အထူးသဖြင့် ယိုးဒယားမယ်မြကိုယ်တိုင် ကျွမ်းကျင်နိုင်နင်းစွာ ကပြနိုင်သည်။ ကိန္နရီကတွင် ပိုမိုထူးချွန်သည်။

"မင်းသမီးတော့ဖြစ်ပြီ။ မင်းသမီးနဲ့တူတဲ့ နာမည်လေးဘာလေးလည်း ပေးကြပါဦး"

တင်တင်ရီဆိုသည်။

သည်တွင် ဦးမြတ်စံက မဆိုင်းမတွ အမည်ပေးသည်။

"နာမည်ပေးတာများ ဘာခက်တာလိုက်လို့ "နန်းကိန္နရီ" ဆို ပြီးရောမဟုတ်လား"

"နန်းကိန္နရီ"

အားလုံးက ယင်းနာမည်ကို ပွဲတင်ထပ်သည်။

တင်တင်ရီသည် သူ၏အမည်ကို ခပ်တိုးတိုးရွတ်ဆိုကြည့်သည်။

"နန်းကိန္နရီ" တဲ့။

x x x x x

"အဲဒါဟာ အရီရဲ့ဘဝ အပြည့်အစုံပဲ ဒေါ်ဒေါ်ဝင်း။ အရီ့အကြောင်းပဲ။ ဒီနောက်ပိုင်းက အကြောင်းတွေကိုတော့ ဒေါ်ဒေါ်ဝင်း သိပြီးသားပဲမဟုတ်လား။ ပြောစရာမလိုတော့ဘူး မဟုတ်လား"

နန်းကိန္နရီ၏ စကားဆုံးလေလျှင် ပတ်ဝန်းကျင်မှာ တိတ်ဆိတ်သွားသည်။ ငြိမ်သက်သွားသည်။ အသက်ရှူသံများသည်ပင် ကျယ်လောင်သောအသံဖြစ်နေရသည်။

လဝန်းသည် ရှမ်းရိုးမကို ကျော်လွန်မြင့်တက်လာလေပြီ။ လရောင်သည် ရွှန်းမြလာခဲ့ပြီ။ သစ်ရွက်သစ်ခက်များအကြားမှ ယိုဆင်းကျလာသော လရောင်သည် မြေပြင်မှာ ပြောက်ပြောက်ကျားကျား အကွက်များအဖြစ်ထင်နေသည်။ လရောင်အကွက်ကလေးများထဲမှ တစ်ကွက်သည် နန်းကိန္နရီ၏ မျက်နှာပေါ်သို့ တိုက်ရိုက်ထိုးကျလာသည်။ ယင်းလရောင်ဖြင့် နန်းကိန္နရီ၏မျက်နှာမှာ နာကြည်းရခြင်း၊ ကြေကွဲရခြင်း အရိပ်အသွင်များကို ဒေါ်ဝင်းရီ မြင်နေရသည်။

`"ဘယ့်နှယ်လဲ ဒေါ်ဒေါ်ဝင်း၊ အရီ့ရဲ့အဖြစ်အပျက်ကိုကြားရတာ ရင်မောစရာမကောင်းဘူးလားဟင်"

ဒေါ်ဝင်းရီသည် နန်းကိန္နရီအား အဖြေမပေးမီ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"စိတ်မောစရာတော့ အမှန်ပဲကွယ်။ ဒါပေမဲ့ အရီရယ်။ အရီ့မှာ ဖြေသာစရာတွေ ရှိနေပါပြီ။ လူ့ဘဝဆိုတာကလည်း အမြဲတမ်း သာယာဖြောင့်တန်းနေတတ်တာမျိုးမှ မဟုတ်ဘဲကလား။ အခက်အခဲနဲ့ တစ်ကြိမ်မဟုတ်တစ်ကြိမ်တော့ ဆုံရမြဲမဟုတ်လား"

"ဒါကို အရီနားလည်ပါတယ် ဒေါ်ဒေါ်ဝင်း၊ အရီရဲ့အတိတ်ကာလဟာ အရုပ်ဆိုးခဲ့တယ်။ အကျည်းတန်ခဲ့တယ်။ ပစ္စုပ္ပန်ဟာတော့ လှပနေတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ အနာဂတ်ဟာ ဘယ်လိုရှိနေဦးမယ်ဆိုတာ မပြောတတ်နိုင်သေးဘူး"

ဒေါ်ဝင်းရီသည် ထိုင်ရာမှ ရုတ်တရက်ထရပ်လိုက်သည်။ နန်းကိန္နရီ၏လက်ကိုဆွဲ၍ ရပ်စေသည်။ တစ်ဆက်တည်းမှာပင် ရယ်ရင်းမောရင်းပြောသည်။

"ကိုင်း... ကိုင်း တော်ကြပါစို့ အရီရယ်။ အတော်ကြာ အတွေးလွန်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆံပင်တွေဖြူကုန်ပါဦးမယ်။ အဘွားကြီးအိုလေး ဖြစ်နေပါလိမ့်မယ်"

နန်းကိန္နရီသည် ဒေါ်ဝင်းရီနှင့် ရောနှောရယ်မောလိုက်လေသည်။

x x x x x

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**ဦးမြတ်စံ၏ဇနီး ယိုးဒယားမယ်မြမှာ မင်းသမီးဟောင်းကြီးဖြစ်သည်။**

**တင်တင်ရီအား သူမကိုယ်တိုင် အကပညာကို လက်ပွန်းတတီး သင်ပေးသည်။**

**တစ်ဖွဲ့သားလုံးကလည်း ရိုင်းရိုင်းပင်းပင်း ကူညီကြသည်။**

**နေ့ချင်း ညချင်းပင် အငြိမ့်ခေါင်းဆောင်မင်းသမီး ဖြစ်လာရသည်။**

**"မင်းသမီးတော့ဖြစ်ပြီ။ မင်းသမီးနဲ့တူတဲ့ နာမည်လေးဘာလေးလည်း ပေးကြပါဦး"**

**တင်တင်ရီဆိုသည်။ သည်တွင်  ဦးမြတ်စံက မဆိုင်းမတွ အမည်ပေးသည်။**

**"နာမည်ပေးတာများ  ဘာခက်တာလိုက်လို့  "နန်းကိန္နရီ" ဆို ပြီးရောမဟုတ်လား"**

**အားလုံးက ယင်းနာမည်ကို..."**

# အမောင်လုလင်တို့ ကြီးကြီးကျယ်ကျယ် ကြံကြစမ်းပါ

**ပီမိုးနှင်း**

ဆင်းရဲမည်ကို အဘယ်သောအခါမျှ တွေး၍ မကြောက်ရ။ ငါ ချမ်းသာရမည့်လူ၊ ငါ လူချမ်းသာ၊ ငါ ကြွယ်ဝသူ၊ ငါ ကြွယ်ဝရမည်ဟူသောစိတ်ကို အမြဲဆောင်ထားရမည်။ အမြဲယုံကြည်ရမည်။ ချမ်းသာစွာ နေထိုင်ရပုံကို ထင်မြင်ရမည်။ လေထဲ၌ တိုက်အိမ်ဆောက်ရမည်။ လေထဲ၌ တဲကုပ်ကို ဆောက်ချေက တဲကုပ်နှင့်သာ ထိုက်တန်သူ ဖြစ်လေရာ တဲကုပ်မှာသာ နေရလိမ့်မည်။ မြင့်မြတ်သောစိတ်ကိုမွေးမြူ၍ မြင့်မြတ်သောအကြံကို ကြံရမည်။

လူတို့သည် စိတ်ကူးသလို ဖြစ်တတ်ကြ၏။ အရည်အချင်း အစွမ်းသတ္တိတူသူ နှစ်ယောက်ရှိ၏။ တစ်ယောက်ကား အမြဲကြီးကြီးကျယ်ကျယ် ကြံ၏။ တစ်ယောက်ကား အမြဲသေးသေးနုပ်နုပ် လွယ်ကူစွာ ထမင်းဝဖို့၊ စားရဖို့သာ ကြံ၏။

ထိုလူနှစ်ယောက်အနက် ကြီးကြီးကျယ်ကျယ် ကြံသူမှာ ကြီးကျယ်၍ သေးငယ်စွာ ကြံစည်သူတို့မှာ သေးငယ်သိမ်နုပ်စွာ နေထိုင်ရတတ်လေသည်။

ပညာအရည်အချင်းနှင့် အတော်ပြည့်စုံပါလျက် အပေါင်းအသင်း အသိအကျွမ်း လူကြီးလူကောင်းများလည်း ရှိကြသဖြင့် ကြီးကြီးကျယ်ကျယ် ကြံလိုက ဖြစ်မြောက်နိုင်သည့် အရည်အချင်းရှိသော မိတ်ဆွေတစ်ယောက်ကို တွေ့ဖူး၏။

သို့သော်လည်း ၎င်းမှာ မကြီးကျယ်ရုံမက ဆုတ်ယုတ်သိမ်ငယ်လျက် ထင်ပေါ်ကျော်ကြား လောက်သောအခြေအနေမှ မထင်မရှားကွယ်ပျောက်ပြီး မြို့၏အစွန်အနား ချောင်အကြားသို့ ရောက်၍ နေရရှာလေသည်။

ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အခြားကြောင့်မဟုတ်။ အသံကလေး အတော်ကောင်းပြီး စာအရေးအသား ကလေး တတ်ခြင်းကြောင့် ဖြစ်လေသည်။ ၎င်း၏ အကြံမှာ ငါသည် ဘဝမှာမငတ်နိုင်။ ဤ လက်ရှိ အလုပ်များနှင့် မတိုးတက်မကြီးပွားချေက ဘုရား ရှိခိုးစာများကို ကိုယ်တိုင်ရေးပြီး ဘုရားကိုးဆူ ဆရာလုပ်မည်ဟု အမြဲလက်ရုံးဆန့်လျက်သာ နေလေ၏။ ၎င်း၏စိတ်၌ဘုရားကိုးဆူဆရာများသည် ငါ့လို ပညာမတတ်၊ ငါ့လောက်လည်း အသံမကောင်း၊ ငါက ကိုယ်ပိုင်ရွတ်စာများကို ရေးနိုင်သည်။ သူတို့ထက် အသံကောင်းသည်ဟူသော မာနကို အမြဲထားလျက် အောက်နိမ့်ရာမှာ ဆွဲဖို့ကိုသာ ကြံ၍ နေလေ၏။ ယခုကား ဘုရားကိုးဆူဆရာအဖြစ်သို့ မပေါက်ရောက်သေးသော်လည်း ငုပ်ပျောက်ကာ ချောင်တိုး၍ နေလေသည်ကို သိရလေသည်။

အရောင်းအဝယ်လည်း အသေးအဖွဲကို ကြံသူတို့နှင့် အကြီးအကျယ်ကြံသူများ ရှိကြ၏။ တံငါလုပ်ရာ၌ ငါးကြီးများသူ၊ ငါးကလေးများသူ နှစ်မျိုးနှစ်စားရှိလေသည်။ ကြီးကြီးကြံမှ ကြီးကြီး ဖြစ်၏။ ငယ်ငယ်ကြံသူတို့မှာ ငယ်ငယ်သာ ဖြစ်ကြလေသည်။

အိန္ဒိယတိုင်းမှ လာကုန်ကြသူ များစွာတို့အနက် မြန်မာပြည်မှာ တိုက်ပိုင်မြေပိုင် သူဌေးသူကြွယ်ဖြစ်ဖို့ မှန်း၍လာသူတစ်မျိုး၊ စားရရုံတင် အလုပ်ရှာရန် လာသူ တစ်မျိုး နှစ်မျိုး ရှိကြလေသည်။

ရန်ကုန်မြို့၌ မြူနီစီပယ်ဘက်တွင် မြန်မာ လူမျိုး မယ်ဇလီခေါင်းတစ်ယောက်ကို တွေ့ရ၏။ မြူနီစီပယ်ကူလီများကို လှည့်လည်ကြည့်ရှုရာ၌ မြန်မာမယ်ဇလီခေါင်းနှင့် ဂေါ်ရင်ဂျီမယ်ဇလီခေါင်း များ အတူတကွ လျှောက်၍သွားကြရာ၌ ဂေါ်ရင်ဂျီ မယ်ဇလီခေါင်းများမှာ ကြိမ်လုံးလေးကိုယ်စီ ဒိုတီ ဖြူဖြူကွတ်အင်္ကျီဖားဖားနှင့်ကြွားကြွားမောက်မောက် သွားကြရာ မြန်မာမယ်ဇလီခေါင်းမှာ ၎င်းတို့ အနောက်နား၌ ခပ်လှမ်းလှမ်းကခွာပြီး လုံချည် တစ်ပတ်နွမ်း အင်္ကျီအနက်လေးနှင့် ကုပ်ကုပ်ယို့ယို့ မထင်မရှား သွားရရှာလေသည်။

ဤအမှုအရာကိုထောက်သော် ဂေါ်ရင်ဂျီ မယ်ဇလီခေါင်းများမှာ မိမိတို့၏စိတ်၌ အထွတ် အထိပ်သို့ရောက်သဖြင့် မိမိတို့ကိုယ်ကို အလွန် ကြီးကျယ်သည် မှတ်ထင်ကာ ကျေနပ်၍နေကြပုံ ရှိကြောင်း၊ မြန်မာမယ်ဇလီခေါင်းမှာမူ မလွှဲသာ သဖြင့် ငတ်မှာကိုကြောက်၍ လုပ်ရသောကြောင့် ဤအလုပ်ဖြင့် မမော်ဝံ့မကြွားဝံ့ မြင့်ရာကို မှန်း၍ မနေကြောင်း သိနိုင်လေသည်။

ထိုနည်းတူစွာ အချို့သောသူများမှာ လခ ၇ဝိ စား၊ ၈ဝိ စားအလုပ်ကိုရလျှင် မြို့အုပ်ဝန်ထောက် မှတ်ထင်လောက်အောင် မော်မောက်တတ်သည်မှာ ထိုအခြေအနေကလေးမျှနှင့် တင်းတိမ်ရောင့်ရဲ ကြောင်း သိသာလေသည်။

ထိုလူမျိုးများမှာ ထိုမျှလောက်ထက်ပို၍ မြင့်မြင့်ကြံမည်မဟုတ်ပေ။ ပို၍မြင့်လိုသူတို့မှာ ပို၍မှန်းရသောကြောင့် ထိုအခြေအနေမျိုးလောက်နှင့် ငတ်ရမှာ ရှက်ကြလေသည်။

သို့ဖြစ်လေရာ လူများ မြင့်ခြင်း၊ နိမ့်ခြင်း အခြေအနေသည် စိတ်၏မှန်းထားပုံ၊ ရောင့်ရဲပုံ အတိုင်းဖြစ်ကြကြောင်း သိသာလေရာ အခြားအရည် အချင်း ပညာအစွမ်းနှင့်လည်း များစွာမဆိုင်ပေ။

အချို့သော သူတို့မှာ ကျောင်းကထွက်ပြီး နောက် လခတစ်ရာ လေးငါးဆယ်စား အလုပ်ရမှ တင့်တယ်ရုံရှိမည်ဟူသော စိတ်ကိုထားကြ၏။ အချို့မှာ လခစားအလုပ်ကိုရလျှင် တော်ပြီဟု မှန်းထား ကြ၏။

ထိုလူနှစ်မျိုးအနက် အမြင့်ကိုမှန်းသူမှာ အနိမ့်ကိုမှန်းသူထက် ပညာအရည်အချင်း ပို၍ မလိုပေ။ စိတ်၏မှန်းထားသလောက်ပင် ရည်ရွယ် ပုံသာ ပိုမိုလေရာ ပိုမိုမှန်းထားသလောက်ပင် မပေါက်ရောက်စေကာမူ စိတ်ထားနိမ့်သူထက် မြင့်ရမည် မလွဲပေတည်း။ စိတ်ထားမြင့်သူမှာ မတော်တဆနိမ့်သော နေရာမှာပင် နေရစေကာမူ ကြာမြင့်စွာ မနေရ။ တစ်နည်းနည်းနှင့် အမြင့်သို့ ရောက်ရမည်သာတည်း။

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

**ယုံကြည်မှုကိုအသုံးချပါ**

“လူတွေဟာ သူတို့ကိုယ်သူတို့ ထင်တာတွေဖြစ်လာတတ်တယ်။ ဒါကို ငါမလုပ်နိုင်ဘူးထင်ရင် မလုပ်နိုင်တော့ပါ။ ဒါကို ငါလုပ်နိုင်တယ်လို့ ယုံကြည်ရင် လုပ်လို့ရတယ်။ ကျွန်တော်တို့မှာ လုပ်နိုင်စွမ်းတွေဟာ ပုန်းခိုနေကြတယ်။ အဲဒါတွေကို ယုံကြည်မှုနဲ့ ဆွဲယူသုံးစွဲပါ။”

**မဟတ္တမဂန္ဒီ(၁၈၆၉-၁၉၄၈)**



ရည်မှန်းချက်ပန်းတိုင်ဟူသည် လူတိုင်းတွင် ရှိတတ်ကြသည်။ ထိုပန်းတိုင်သို့သာ မည်သို့ရောက်ရှိအောင်သွားရမည်ဟူသည့် နည်းလမ်းကို မတွေ့ရှိကြသောကြောင့် နှောင့်နှေးနေခြင်းဖြစ်ပေသည်။ ယင်းကဲ့သို့ နည်းလမ်းတွေ့ရှိအောင်လည်း မတွေးတော၊ မကြံစည်၊ မရှာဖွေသော သူက များစွာရှိနေပေသည်။

ထို့ကြောင့်လည်း အောင်မြင်ကြီးပွားချမ်းသာမှုဟူသည့် ပန်းတိုင်သို့ ရောက်ရှိသူ၊ အမှန်တကယ် အောင်မြင်ကြီးပွားချမ်းသာသူက အနည်းအကျဉ်းသာဖြစ်နေရခြင်းပင်။

လူတိုင်းလူတိုင်းကဖြင့် ကြီးပွားချမ်းသာလိုကြသည်။ ရည်မှန်းချက် ကိုယ်စီရှိကြသည်။ သို့တိုင် ကြိုးစားမှု၊ လုပ်ဆောင်မှု၊ စသည့် ဖွဲ့လုံ့လ၊ ဝီရိယတို့က ကွာခြားသွားကြသည်။ အောင်မြင်မှုဟူသည် လွယ်လွယ် ကူကူဖြင့် ရရှိနိုင်သည်ကားမဟုတ်။ တန်ရာတန်ကြေး ပေးဆပ်ရသည် ချည်း ဖြစ်သည်။

သို့ဖြစ်၍ ရည်မှန်းချက်ထားသည့် အောင်မြင်ကြီးပွားရေး ပန်းတိုင် သို့ ရောက်ရှိရန် ကျားကုတ်ကျားခဲ ကြိုးစားရုန်းကန်ကြရန်လိုသည်။ မျှော်မှန်းထားသည့်အရာမှန်သမျှ ဖြစ်လာနိုင်သည်။ ဤသည်ကားရည် မှန်းချက်ကို အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။ ယင်းသို့ ရည်မှန်း ချက်ကို အကောင်အထည်ဖော်ရာတွင် စေတနာစေ့ဆော်မှု ထက်သန် ရမည်။ ယုံကြည်မှုပြင်းထန်ရမည်။ စေတနာဆန်းကြယ်လျှင် ဉာဏ်ဆန်းကြယ်ပေမည်။ ဉာဏ်ဆန်းကြယ်မှုရှိလာလျှင် ကံကလည်း ဆန်းကြယ်လာမည်ဖြစ်သည်။

သို့ဖြစ်သောကြောင့် စိတ်ကောင်း၊ စေတနာကောင်းရှိရမည် ဖြစ်သည်။ စိတ်စေတနာကောင်းလျှင် ကံကောင်းပေသည်။

ထို့ကြောင့် စိတ်စေတနာကောင်းရှိနိုင်ရေးအတွက် လေ့ကျင့် မွေးမြူပြီး မိမိတို့၏ယုံကြည်မှုကို တန်ဖိုးထားကာ စွမ်းဆောင်နိုင် ရပေမည်။ ယုံကြည်မှုစွမ်းအားသည် များစွာတန်ဖိုးရှိသည်။ ယုံကြည်မှု စိတ်တန်ခိုးသည် များစွာသော တွန်းအားကိုပေးစွမ်းသည်။ ယင်းစွမ်းအား ကို အသုံးချနိုင်ခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်ဆီသို့ အရောက်ချီတက် နိုင်ပေမည်။

“တို့မှာ ငုပ်လျှိုးနေတဲ့စွမ်းအားပုန်းတွေ အများကြီးရှိပါတယ်။ လူတိုင်းလူတိုင်းမှာပါ။ ကလေးတွေမှာလည်း ရှိကြတာပဲပေါ့။ ဒါကို သိရမယ်။ သုံးရမယ်။ ယုံကြည်မှုစွမ်းအားက အခြေခံအကျဆုံးပါပဲ။” ဟု အမေရိကန်စိတ်ပညာရှင် ဝီလျှမ်ဂျိမ်းစ်က ရေးသားခဲ့ဖူးသည်။

ထို့ကြောင့် ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာလိုကြသော ယနေ့ မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် မိမိတို့၌ ရှိနေပြီးသားဖြစ်သည့် စွမ်းအားပုန်းများကို သိမြင်ရပေမည်။ ယင်းတို့ တွင် ယုံကြည်မှုစွမ်းအားက အဓိကကျလေရာ မိမိကိုယ်မိမိ ယုံကြည်မှု မြှင့်တင်ပြီး ကြိုးစားကြရန်လိုသည်။

ကမ္ဘာကျော်သံမဏိသူဌေးကြီး အင်ထရူးကာနယ်ဂျီသည် အလွန် ဆင်းရဲသော ဘဝ၊ နေ့စား အလုပ်သမားဘဝမှ ကမ္ဘာကျော်ကုဋေကြွယ် သူဌေးကြီးဘဝသို့ ရောက်ရှိလာသူဖြစ်သည်။ ယင်းသည် ယုံကြည်မှု စွမ်းအားကို ကောင်းစွာအသုံးချပြီး ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစား အားထုတ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

“မိမိထားရှိတဲ့ အဓိကရည်ရွယ်ချက်ကို စာဖြင့်ရေးသားရွတ်ဆိုခြင်း အားဖြင့် သဘာဝရဲ့အင်အားကို တွန်းအားပေးရာကျတယ်။ ထိုအကျင့်ကို ကျွန်ုပ်လိုက်နာခဲ့တာကတော့ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ ကြာမြင့်တုန်းက ပါပဲ။ အဲသည်အချိန်တုန်းကတော့ ကျွန်ုပ်ဟာ နေ့စားအလုပ်သမားဘဝမှာ ရုန်းကန်နေရဆဲဖြစ်လို့ အလုပ်သမားအဆင့်မှ စက်မှုလက်မှုလုပ်ငန်းမှာ စီမံကွပ်ကဲမှုအဆင့်သို့ တက်လှမ်းနိုင်ဖို့ကြိုးစားနေဆဲ ဖြစ်ပေတယ်။”

ယင်းစကားသည် ကမ္ဘာကျော်ကုဋေကြွယ်သူဌေးကြီး အင်ထရူး ကာနယ်ဂျီက အမေရိကန်စာရေးဆရာ နပိုလီယံဟီးလ်အား ပြောကြား ခဲ့ခြင်းဖြစ်သည်။ ထိုစကားပြောကြားခဲ့ချိန်သည် နပိုလီယံဟီးလ် ကိုယ်တိုင်ပင် အောင်မြင်ကျော်ကြားသည့် စာရေးဆရာအဖြစ်သို့ မရောက် သေးမီအချိန်ကဖြစ်သည်။

“လူတွေဟာ သူတို့ကိုယ်သူတို့ ထင်တာတွေဖြစ်လာတတ်တယ်။ ဒါကို ငါမလုပ်နိုင်ဘူးထင်ရင် မလုပ်နိုင်တော့ပါ။ ဒါကို ငါလုပ်နိုင်တယ်လို့ ယုံကြည်ရင် လုပ်လို့ရတယ်။ ကျွန်တော်တို့မှာ လုပ်နိုင်စွမ်းတွေဟာ ပုန်းခိုနေကြတယ်။ အဲဒါတွေကို ယုံကြည်မှုနဲ့ ဆွဲယူသုံးစွဲပါ။” ဟု အိန္ဒိယ နိုင်ငံ၏လွတ်လပ်ရေးတိုက်ပွဲခေါင်းဆောင် မဟတ္တမဂန္ဒီက ပြောကြား ခဲ့ကြောင်း မှတ်သားဖူးပါသည်။

ထို့ကြောင့် ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာလိုသူတိုင်းသည် မိမိ၌ရှိပြီးဖြစ်သည့်စွမ်းအားပုန်းများကို သိရှိထုတ်ယူကာ ယုံကြည်မှု စွမ်းအားဖြင့် ကြိုးစားလုပ်ဆောင်နိုင်ကြလျှင် ကြီးပွားချမ်းသာလာ မည်မှာ အသေအချာပင်ဖြစ်ပေတော့သည်။ ။

# ဇွဲရှိသူဖြစ်ချင်သလား

မောင်ထူးချွန်

မောင်တို့မယ်တို့အနေနဲ့ ဇွဲရှိသူဖြစ်ချင်သလား။ ဇွဲရှိသူဖြစ်ချင်တဲ့သူဟာ ဇွဲရှိစေနိုင်တဲ့အကြောင်းအရာ၊ နည်းလမ်း၊ ဓာတ်မြစ်တွေကို သိရှိနိုင်ဖို့ လေ့လာရှာဖွေစူးစမ်းနေရမှာပါပဲ။

"ဇွဲရှိဖို့လိုတယ်"ဆိုတဲ့စကားကို ကျောင်းသား ကျောင်းသူတွေပဲဖြစ်ဖြစ်၊ လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ်၊ မိမိအိမ်မှာပဲဖြစ်ဖြစ် ကြားဖူးနေကြမယ်လို့ထင်ပါတယ်။ မောင်တို့မယ်တို့အနေနဲ့ ဇွဲကောင်းဖို့လိုပါတယ်။ စာကျက်တဲ့အခါ၊ အလုပ်လုပ်တဲ့အခါ၊ အိမ်မှုကိစ္စတွေလုပ်တဲ့အခါမျိုးတွေမှာ စတဲ့လုပ်ငန်းဆောင်တာမှန်သမျှမှာ "ဇွဲ" ဆိုတဲ့အသုံး အနှုန်းကို ကြားဖူးနားဝရှိနေကြမှာဖြစ်ပါတယ်။

ပင်ကိုအရည်အချင်း အင်မတန်တော်တဲ့သူအချို့ဟာ ဘယ်အရာကိုမှ စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာမလုပ်ဘဲ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲလုပ်ဆောင်တတ်တာကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်တာတွေ့ကြရတယ်။ ဉာဏ်ရည်ဉာဏ်သွေးအရာမှာ သာမန်မျှသာဆိုပေမယ့် ပညာရပ်တစ်ခုခု၊ လုပ်ငန်းတစ်ခုခုမှာ သေသေချာချာ ငုတ်မိသဲတိုင်၊ အဖန်ဖန်ကြိုးစားသူတွေကတော့ ထင်ထားတာထက်ကြီးမားတဲ့ အောင်မြင်ထွန်းကားမှုကိုရရှိကြတယ်။ အလုပ်ဇွဲဟာ အရေးပါတယ်။ ကံ၊ ဉာဏ်၊ ဝီရိယဆိုတဲ့ ကြိုးစားအားထုတ်မှုဟာ ကိုယ်လုပ်ရမယ့်အလုပ်ပါပဲ။

ဝီရိယ၊ ရဲရင့်မှု၊ သတ္တိရှိမှု၊ ဇွဲကောင်းမှု၊ နောက်မဆုတ်၊ အရှုံးမပေး၊ လက်မလျှော့တမ်း ကြိုးပမ်းအားထုတ်မှုကို မောင်တို့မယ်တို့ တန်ဖိုးထားကျင့်သုံးကြရပါလိမ့်မယ်။

နိုင်ငံတော်ကို ဦးဆောင်တဲ့ပုဂ္ဂိုလ်တွေဟာ အခက်အခဲအမျိုးမျိုးကြားက ဇွဲရှိရှိ၊ သတ္တိရှိရှိနဲ့ တိုင်းပြည်ကို တိုးတက်ဖွံ့ဖြိုးအောင် ထူထောင်တည်ဆောက်နိုင်ကြကြောင်း တွေ့ရပါမယ်။ ဇွဲသတ္တိဒီလိုကောင်းလို့ ဒီလိုခေါင်းဆောင်နေရာ တက်လာနိုင်ကြတာပါပဲ။

အတားအဆီး အခက်အခဲမှန်သမျှကို မကြောက်မရွံ့ နောက်မတွန့်ဘဲ ဇွဲသတ္တိနဲ့ ဖြတ်သန်းရဲသူတွေအတွက် အောင်ပွဲတွေက တန်းစီပြီး စောင့်ကြိုနေပါတယ်။

တစ်စုံတစ်ခုကို စိုက်စိုက်မတ်မတ်ကြိုးပမ်းခြင်းဟာ အကြိမ်ကြိမ်အထပ်ထပ်ပြုခြင်းရဲ့အကျိုးနဲ့ ထူးခြားတဲ့ကျွမ်းကျင်မှု၊ အမြင်သစ်၊ အတွေးသစ်၊ ပေါက်ရောက်မှုကိုရရှိစေပါတယ်။ မိမိရည်မှန်းရာကို ရက်၊ လ၊ နှစ်ကြာ အချိန်ကာလကိုအရင်းတည်ပြီး ဇွဲရှိရှိ ကြိုးစားရင်



မလွဲမသွေ အောင်မြင်တာပါပဲ။

မြန်မာနိုင်ငံကိုလာလည်တဲ့ လူမည်းအမေရိကန်နိုင်ငံသား ဂရိတ်၊ ဟယ်မင်တန်ဆိုသူဟာ မြန်မာလူမျိုးတွေ ခြင်းလုံးခတ်ကစားတာကို အလွန်စိတ်ဝင်စားမိသတဲ့။ အထက်-အောက်၊ အညာအကြေ၊ သူရောက်လေရာရာမှ ခြင်းဝိုင်းတွေကို သေသေချာချာသွားကြည့်တယ်။ မြန်မာနိုင်ငံကို သုံးလေးခေါက်ရောက်တော့ သူကိုယ်တိုင် ခြင်းခတ်ပညာသင်ယူပြီး ဝိုင်းထဲမှာ ဝင်ခတ်တတ်လာတယ်။

ခြင်းခတ်ကစားခြင်းရဲ့ ကိုယ်လက်လှုပ်ရှားမှုဟာ ခန္ဓာကိုယ်ရဲ့ အကြောအခြင် အရိုးအဆစ်တွေကို ကျန်းမာကြံ့ခိုင်အောင် လေ့ကျင့်ရာရောက်ကြောင်း သူသဘောပေါက်သွားတယ်။

ခြင်းလုံးခတ်ခြင်းရဲ့ ယဉ်ကျေးမှုသမိုင်းကြောင်းစာအုပ်တွေကို မွှေနှောက်လေ့လာတော့တယ်။ ခြင်းလုံးခတ်ခြင်းရဲ့ ဓလေ့ရိုးရာအားကစားဟာ ဘယ်နိုင်ငံက ကူးစက်ရောက်ရှိလာတာလဲ စူးစမ်းတယ်။ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေး၊ အင်ဒိုနီးရှား၊ ဗီယက်နမ်စတဲ့နိုင်ငံတွေရဲ့ ကျေးလက်ဒေသတွေအထိ သွားရောက်ထိတွေ့ လေ့လာတယ်။ ခြင်းလုံးခတ်အားကစားဟာ မြန်မာလူမျိုးရဲ့ ကိုယ်ပိုင်မူပိုင်ဖြစ်ကြောင်း ခိုင်ခိုင်မာမာ တိတိကျကျ သူလေ့လာသိမြင်ရတဲ့အခါ မြန်မာလူမျိုးအပေါ် သူတော်တော်လေးစားသွားတယ်။ မြန်မာ့အားကစားကို သူ တန်ဖိုးထားမိလာတယ်။

မြန်မာနိုင်ငံအနှံ့က ခြင်းခတ်ကစားကြပုံတွေကို သူကဝါသနာအလျောက် ဗီဒီယိုရိုက်ကူး မှတ်တမ်းတင်ခဲ့တယ်။ မြန်မာနိုင်ငံကို သူလာရောက်တာ အနည်းဆုံးရှစ်ခေါက်မကတော့ဘူးပေါ့။ ခြင်းလုံး၊ ခြင်းလုံးခတ်သူတွေ၊ ခြင်းဝိုင်း၊ ခြင်းပေါက်တွေ၊ နှစ်ပေါင်းနှစ်ဆယ်ကျော် သူလေ့လာထားခဲ့သမျှဟာ ဝါသနာအရ၊ စိတ်ဝင်စားမှုအရသာ လုပ်ဆောင်ခဲ့ခြင်းပါပဲ။

သို့ပေမယ့် ဥရောပ၊ အမေရိက ပန်းခြံကြီးတွေမှာ သူက ခြင်းလုံးကို မကျအောင် တော့ကာ တော့ကာ အလှခတ်ပြတဲ့အခါ ဘေးကလူတွေ တအံ့တဩ ဝိုင်းကြည့်လာကြတာတွေ့ရတယ်။ ဒါက မြန်မာပြည်က မှော်ဘောလုံးပေါ့လို့ သူကရှင်းပြတယ်။ လူတွေက သိပ်စိတ်ဝင်စားကြသတဲ့။

အဲဒီအချိန်မှာ သူက အကြံတစ်ခုရသွားတယ်။ သူ့ဆီမှာရှိတဲ့ ခြင်းဝိုင်းမှတ်တမ်းတွေကို အစီအစဉ်ရှိရှိ၊ စနစ်တကျနဲ့ နောက်ခံစကားပြောတွေ၊ မြန်မာဆိုင်းသံ၊ ဗုံသံတွေနဲ့ လှလှပပဖွဲ့စည်းကာ ဥရောပရုပ်ရှင်ပွဲတော်မှာ ပြိုင်ပွဲဝင်ကြည့်ရင် တစ်ခုခုအကျိုးရှိလောက်တယ်လို့ အတွေးရသတဲ့။ သူက အနှစ်နှစ်အလလ စုဆောင်းခဲ့သမျှကို "Magic Ball"ဆိုပြီး တင်သွင်းပြသလိုက်တဲ့အခါ ကြည့်ရှုရသူတွေဟာ ရင်သပ်ရှုမော အံ့ဩလက်ဖျားခါ နှစ်သက်အားပေးကြပါရောတဲ့ကွယ်။ ငွေကြေးအကျိုးအမြတ်လည်း ရရှိတော့တာပေါ့။ တီဗွီ၊ ဗီဒီယို၊ အင်တာနက် စတဲ့နေရာများစွာက ဝယ်ယူကြ၊ ငှားကြ၊ ကူးယူကြနဲ့ အကျိုးထူးများစွာရရှိသွားတော့တယ်။

တစိုက်မတ်မတ်ကြိုးပမ်းမှုရဲ့ အသီးအပွင့်ရလဒ်ပဲလို့ဆိုရမယ်။ ဇွဲရှိရှိနဲ့ ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့လို့သာ အမေရိကန်လူမည်း ဂရိတ်၊ ဟယ်မင်တန်ဆိုသူဟာ အကျိုးဖြစ်ထွန်းခဲ့တယ်ဆိုတဲ့ သာဓကတစ်ခုပဲဖြစ်တယ်။

ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ ဘယ်အရာကိုပဲလုပ်လုပ် ဇွဲရှိရှိနဲ့ တစိုက်မတ်မတ် ကြိုးစားလုပ်ဆောင်ကြမယ်ဆိုရင် ကျောင်းသား ကျောင်းသူဆိုရင် စာမေးပွဲအောင်မြင်မှုရရှိမယ်၊ လုပ်ငန်းခွင်မှာဆိုရင် ရာထူးတိုးကာ လစာဝင်ငွေတိုးပွားမယ်၊ မိသားစုအတွင်းမှာဆိုရင် မိဘမောင်ဖွားညီအစ်ကိုများရဲ့ အားကိုးအားထားခံရတဲ့သူဖြစ်လာမယ်ပေါ့ကွယ်။

မောင်တို့မယ်တို့အနေနဲ့ ဖော်ပြပါနည်းနာသာဓကတွေကို လေ့လာကျင့်ဆောင်ပြီး "ဇွဲ" ရှိသူတွေ ဖြစ်လာကာ လောကကို အလှဆင်နိုင်ကြသူတွေအဖြစ် ထွန်းတောက်လာကြပါစေ။ ။

# ကိုယ့်ဦးနှောက်ကို မုန်တိုင်းဆင်ပါ

အောင်မြတ်စည်သူ

ဦးနှောက်မုန်တိုင်းဆင်မှု(Brainstorming) သည် အမေရိကန်စီးပွားရေးလောကတွင် အတော်ထင်ရှားနေသော စကားလုံးဖြစ်သည်။

ကျွန်တော်သည် ကြော်ငြာကုမ္ပဏီတွင် ကြော်ငြာရေးဆရာအဖြစ် အလုပ်လုပ်ကိုင်နေသည့်ကာလ လွန်ခဲ့သောနှစ်ပေါင်းများစွာက ဤစကားလုံးကို ပထမသိလာခဲ့သည်။ ကျွန်တော်တို့ ကြော်ငြာလုပ်ငန်းအသစ်တစ်ခု လက်ခံရရှိပါလျှင် ကျွန်တော်တို့ ကုမ္ပဏီဥက္ကဋ္ဌသည် ထိုအမှုသည်အသစ်အတွက် စိတ်ကူးအကြံဉာဏ်အသစ်များ ဦးနှောက်မုန်တိုင်းဆင်ဖန်တီးရန် ကျွန်တော်တို့အားလုံးကို စုဝေးလေ့ရှိသည်။ ဦးနှောက်မုန်တိုင်းဆင်မှု အစည်းအဝေး၏ အဓိကစည်းမျဉ်းများကား…

၁။ တုံးသည့်အကြံဟုမရှိ၊ ပေါက်ပေါက်ရှာရှာ ကျလေ ပိုကောင်းလေဖြစ်သည်။

၂။ လူတိုင်း ပါဝင်အကြံဉာဏ်ထုတ်ရမည် ဟုပင် ဖြစ်သည်။

ကျွန်တော်သည် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဦးနှောက်မုန်တိုင်းဆင် အစည်းအဝေးများ ထိုင်ဖူးပါသည်။ ကျွန်တော်တို့သည် စားပွဲပတ်လည်လျှောက်၍ တစ်ဦးချင်းစီမှ စိတ်ကူးများကောက်ကာ မှတ်စုစာအုပ်တွင် ရေးမှတ်သည်။ ကျွန်တော်တို့သည် ကြောင်းကျိုးညီညွတ်သော စိတ်ကူးများကုန်၍ ကြောင်းကျိုးမညီသောစိတ်ကူးများ ထွက်လာသည်အထိ အကြံဉာဏ်များ ဆက်ကောက်သည်။ ကြောင်းကျိုးမညီညွတ်သော အတွေးစိတ်ကူးများမှနေ၍ အကြံဉာဏ်ကြီးများ ထွက်ပေါ်လာလေ့ရှိသည်။ တုံးလိုက်သည့်အကြံဉာဏ်ဟူသော အချုပ်အထိန်းအမြင်မရှိသောကြောင့် ဦးနှောက်မုန်တိုင်းဆင်မှုက ပီပြင်စွာ အလုပ်ဖြစ်လေ့ရှိသည်။ အကြောင်းအကျိုးမညီစွာ လှမ်းထွက်နေခြင်းက ကောင်းမွန်သည့်ကိစ္စဖြစ်သည်။

စီးပွားရေးလုပ်ငန်းမှ လူအများစု သဘောမပေါက်သောအချက်ကား ဤကိစ္စကို ကိုယ့်တစ်ကိုယ်ရေးအနေတွင်လည်း အသုံးပြုနိုင်သည်ဆိုသော အချက်ပင်ဖြစ်သည်။ ကျွန်တော်သည် ဤကိစ္စကို လွန်ခဲ့သောနှစ်အတော်များများက ကျွန်တော်ကားမောင်းသွားရင်း အာလ်နိုက်တင်ဂေးလ်၏ ဘဝတိုးတက်ရေး လှုံ့ဆော်မှုပြုအခွေကို နားထောင်စဉ်က ပထမသိခဲ့သည်။ သူသည် သူသိလာသည့် အလွန်ပင်အံ့ဖွယ်ကောင်းအောင် အလုပ်ဖြစ်သော စနစ်တစ်ခုအကြောင်း ပြောကြားခဲ့သည်။

သင်ဖြေရှင်းချင်သော ပြဿနာတစ်ရပ် (သို့မဟုတ်) ရည်မှန်းရာပန်းတိုင်တစ်ခုကို စာရွက်တစ်ရွက်၏ထိပ်တွင် ရေးချလိုက်ပါ။ ထို့နောက် စာရွက်ပေါ်တွင် ၁ မှ ၂၀ အထိ ကိန်းဂဏန်းများကို ရေးသားပြီးနောက် သင်၏ဦးနှောက်မုန်တိုင်းဆင်မှု စတင်ပါ။ စည်းမျဉ်းများက အုပ်စုလိုက် မုန်တိုင်းဆင်သည့်အသွင်အတိုင်းပင် ဖြစ်သည်။ သင့်မှာ စိတ်ကူးပေါင်း ၂၀ ရှိသည်။ ထိုစိတ်ကူးများသည် သေချာတွေးတောသော ဖြေရှင်းနည်းများဖြစ်ရန် မလိုသလို ကြောင်းကျိုးညီညွတ်စေရန်လည်း မလိုအပ်ချေ။ သင့်ကိုယ်သင် စီးမျောခွင့်ပေးပါ။ သင်၏တစ်ခုတည်းသော ရည်မှန်းချက်ကား အလွန်တိုတောင်းသောကာလတစ်ခုတွင် စိတ်ကူး ၂၀ ရေးချထားပြီးသားရှိရန်ပင် ဖြစ်သည်။

ဤသို့ သင် ရက်သတ္တပတ်မျှ ပြုလိုက်ပါလျှင် သင်သည် စိတ်ကူးပေါင်း ၁၀၀ ရှိပေမည်။ ထိုအကြံအားလုံး သုံးနိုင်ပါသလား။ မသုံးနိုင်ချေ။ သို့သော် ထိုအချက်ကို မည်မျှအရေးထားပါမည်နည်း။ ထိုလုပ်ထုံးကို သင်စတင်လိုက်စဉ်က သင် အသုံးတည့်သည့် စိတ်ကူးအကြံဉာဏ်တစ်ခု ရေးခဲ့သည့် အခြေအနေရှိကောင်းသည်။

ကျွန်တော်ကိုယ်တိုင် ဤစနစ်ကို အထပ်ထပ်အခါခါ အသုံးပြု၍ အကျိုးများစွာရှိခဲ့ဖူးသည်။ ယင်းသည် ပေါက်ပေါက်ရှာရှာ တွေးခေါ်မှုဖြစ်သော ဖန်တီးမှုစွမ်းရည်ကို ပုံမှန်အဟန့်အတား ကင်းမဲ့ပြေလျော့သွားစေသောကြောင့် ထိုမျှပီပြင်စွာ အလုပ်လုပ်ခြင်း ဖြစ်သည်။ သင်၏ဦးနှောက် ညာဘက်ခြမ်းကို လှုပ်ရှားမှုပြုရန် ဖိတ်ကြားမှုပြုသည်။

မကြာမီကာလက မိတ်ဆွေတစ်ဦးသည် သူ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပတ်သက်၍ အကြံဉာဏ်တောင်းခဲ့သည်။ သူသည် အနုပညာလောကသားဖြစ်ပြီး နိုင်ငံ၏ဖျော်ဖြေရေးသမားတစ်ယောက်ဖြစ်လောက်အောင် အောင်မြင်နေခဲ့သည်။ သူ၏ပြဿနာမှာ ဈေးကွက်တင်ခြင်းနှင့် သူ့ကိုယ်သူမြှင့်တင်ခြင်းပင် ဖြစ်သည်။ သူ့အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ ထိုအပိုင်းသည် သူ့အရည်အချင်းနောက် များစွာနောက်တွဲကျန်နေခဲ့သည်။

"ခင်ဗျားကို ခင်ဗျားရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ပရိသတ်နဲ့ စရွေးကိုက် ပုံဖော်ထားတဲ့၊ ပီပြင်တဲ့ဈေးကွက် စိတ်ကူးတစ်ရာ ပေးနိုင်တဲ့သူတစ်ယောက်ရှိတယ်လို့ ပြောရင် ခင်ဗျားဘယ်လိုယူဆမလဲ"

ကျွန်တော်က သူ့ကို မေးလိုက်သည်။ သူအလွန်စိတ်ဝင်စားခဲ့သည်။

"ခင်ဗျားကိုယ်တိုင်က…အဲဒီလူပဲ"

ကျွန်တော်က ပြောလိုက်သည်။

ထို့နောက် ကျွန်တော်သည် ကျွန်တော်ကိုယ်တိုင် နှစ်ပေါင်းများစွာ အသုံးပြုလာခဲ့သော ကိုယ့်ကိုယ်ကိုယ် ဦးနှောက်မုန်တိုင်းဆင်နည်း ၂၀ အကြောင်း သူ့ကို ပြောပြလိုက်သည်။ သူသည် ထိုနည်းစနစ်၏စည်းမျဉ်းများကို ထက်သန်စွာရေးချပြီး စတင်အကောင်အထည်ဖော်ရန် စိုင်းပြင်းတော့သည်။

နောက် သီတင်းပတ်နှစ်ပတ်အကြာတွင် သူသည် ကျွန်တော့်ထံသို့ စိတ်လှုပ်ရှားစွာဖုန်းဆက်၍ အကျိုးရလဒ်အကြောင်း ပြောကြားခဲ့သည်။

"အခုပဲ ကျွန်တော့်မှာ တကယ်ကိုကောင်းတဲ့ ဈေးကွက်စိတ်ကူးတွေ ရှိနေတယ်။ အရင်က ရှိခဲ့သမျှထက် အများကြီးပိုရှိတယ်။ ကျေးဇူးပဲ"

ကိုယ့်ကိုယ်ကိုယ် သင်ကြားပို့ချခြင်းသည် အကောင်းဆုံးသော သင်ကြားပို့ချမှုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင့်ကိုပို့ချသူသည် သင့်ကို အသိဆုံးလူပင် ဖြစ်သည်။ ပြင်ပမှနည်းလမ်းများ ရရှိခြင်းသည် အကျိုးရှိလှပါသော်လည်း အကောင်းဆုံးသော နည်းပြများသည် ကျွန်တော်တို့ကို ကိုယ့်စိတ်သန္တာန်တွင်သာရှာရန် သွန်သင်ပေးလေ့ရှိသည်။ ကြီးမြတ်သော အာစရိယတစ်ဦးက "ကောင်းကင်ဘုံသည်ကား သင့်အတွင်းမှာပင်ရှိသည်"ဟု တစ်ခါက ပြောကြားခဲ့ဖူးသည်။

Ref : Brainstorm yourself by Steve Chandler

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ နံ့သာကုန်း(၂)လမ်း၊ အမှတ်(၁၅/က)ဟု ခေါ်တွင်သည့် သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ အကွက်အမှတ်(၇)၊ အညာစုကွက်၊ ဦးပိုင်အမှတ်-၁၃၉/ခ၊ ဧရိယာ(၀.၀၅၂) ဧကရှိ RP No. ၁၄၉ V / ၂၀၀၇.၀၈ ၂၄-၁၂-၂၀၀၈ / ၂၃-၁၂-၂၀၃၈ အရ ဦးအောင်သူ [၁၂/ခရန(နိုင်)၀၀၁၈၉၄] နှင့် ဦးမာရီပါး (ခ) ဦးသိန်းအောင် [၁၂/သလန(နိုင်)၀၇၂၃၂၈] အမည်ပေါက်လျက်ရှိသော နှစ်(၃၀)မြေငှား ဂရန်မြေကွက်ကို သန်လျင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းချုပ်ဆိုမည်ဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလီမွှော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၃-လမ်း၊ အမှတ်(၉၆)၊ ၃-လွှာ၊ ခေါင်းရင်းခန်း၊ (တိုက်မျက်နှာမူလျှင် ညာဘက်ခြမ်း)၊ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပိုင်ရောင်းချသူ ဦးဇော်လင်း [၁၂/ပဘတ(နိုင်) ၀၀၀၃၆၄]မှ မိမိတစ်ဦးတည်းလက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်သည့်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူမင်း (LL.B)(D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၈၁၈၈)**
**အမှတ်(၄၉)၊ အထက်မန္တလေးလမ်း၊ ကန်/မြောက်ရပ်ကွက်**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၁၄၁၅၁၀၊ ၀၉-၇၈၅၃၈၀၂၁၁**

## ကိုရဲဝင်းထွန်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရန်ပြေ(၁၈)လမ်း(အရှေ့)၊ အမှတ်(၅၅)နေ (အဖ)(ဦးစိန်ရွှေ)-(အမိ)ဒေါ်မိမိမော်(MTNT-၀၀၁၆၉၃)တို့၏သားဖြစ်သူ ကိုရဲဝင်းထွန်း(မှတ်ပုံတင်-လျှောက်ထားဆဲ)သည် ကျန်းမာရေးမကောင်းသည့် မျက်မမြင် မိခင်အိုကြီးမှ ရှာဖွေကျွေးမွေးသည်ကို စားသောက်ပြီး၊ မိခင်အား ရိုင်းပျစွာပြုမူဆက်ဆံခြင်း၊ အရက်သေစာသောက်စားမူးယစ်ရမ်းကား၍ မိခင်နှင့်မောင်နှမများအား ရန်သူသဖွယ်ပြောဆိုခြိမ်းခြောက်ခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း၊ ဤကြော်ငြာပါသည့်နေ့မှစ၍ မိခင်၏နေအိမ်တွင် နေထိုင်ခွင့်မပြုတော့ပါကြောင်း၊ ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို မိခင်ဖြစ်သူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိခင်နှင့် မောင်နှမများ၏ ဂုဏ်သိက္ခာ ကျဆင်းအောင် ပြုမူဆောင်ရွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုရဲဝင်းထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မိမိမော်** | **ဒေါ်ညွှန့်ဟေမာသိန်း** |
| **(MTNT-၀၀၁၆၉၃)** | **LL.B,DL-101(WIPO,Switzerland)** |
| | **အထက်တန်းရှေ့နေ(စဉ်-၄၈၂၉၃)** |
| | **PH:09-959583001** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/မြောက်၊ မြေကွက်အမှတ်(၁၇၆/က)၊ မြေဧရိယာ ပေ(၂၀x၆၀)၊ (၁၂၀၀)စတုရန်းပေ၊ (၀.၂၇၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၇၆/က)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပြီး အပြီးအအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ယဉ်ယဉ်နွယ်[၁၂/သကတ(နိုင်)၀၁၈၄၂၂]နှင့် ဦးစိန်မင်းအောင် [၁၂/သကတ(နိုင်)၁၂၂၄၁၅]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဦး[LL.B, LL.M,MRes(law),D.B.L]**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၅၆၁/က)နေထိုင်သူ ဒေါ်ဝင်းမာ(ဘ)ဦးဘိုကြည်[၁၄/ပတန(နိုင်)၁၅၀၆၃၃]၏လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၅၆၁/က)၊ ဧရိယာ(အလျား၂၀ပေxအနံ၆၀ပေ)ရှိ မြေကွက်ကို ဦးကျော်မင်းဦးအမည်ဖြင့် ၂၀၀၈ ခုနှစ်တွင် ဦးသန်းဝင်းထံပါး၌ အရပ်ကတိစာချုပ်ဖြင့် လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပါကြောင်း၊ အဆိုပါမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ကြည်သောင်း အမည်ပေါက်မြေချပါမစ်မြေကွက်ဖြစ်ပြီး ဦးကျော်မင်းဦးနှင့် ဇနီးဒေါ်ဝင်းမာ၊ သား မောင်ပြည့်ချမ်းသာ တို့ အတူတကွနေထိုင်ကြပြီး ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ ခင်ပွန်းဦးကျော်မင်းဦးသည် (၂၂-၄-၂၀၂၂)ရက်နေ့၌ နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် အဆိုပါနေအိမ်၏ ကိစ္စအဝဝသည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ တရားဝင်ဇနီး ဖြစ်ပါသောကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတည်းသာ ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော လူနေအိမ်အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ ခင်ပွန်း အသက်ရှိစဉ်အချိန်၌ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချ လွှဲပြောင်းထားခြင်း လုံးဝ(လုံးဝ)မရှိခဲ့ပါ။ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမာ၏ ခွင့်ပြုချက် တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ၊ အသိပေးအကြောင်းကြားထားခြင်းမရှိဘဲ၊ သဘောတူခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ နေအိမ်အားတိုးချဲ့ဆောက်လုပ်ခြင်း၊ မြေပုံကူးမြေတိုင်းအမည်ပြောင်းခြင်း၊ ဂရန်သစ်လျှောက်ထားခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် မည်သူမျှ စီမံခန့်ခွဲခြင်းမျိုး မပြုလုပ်ပါရန် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ သိရှိထားခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ယခုတည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမာ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းဝင်း(LL.B,DIPL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၁၂)**
**အမှတ်(၆၇)၊ သီဟလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၁၅၂၀၉၊ ၀၉၇၈၀၉၇၂၄၄၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်သစ်)၊ မြေကွက်အမှတ်(၃၄၉/က) ဖြစ်သည့် အရပ်အခေါ် အိမ်အမှတ်(၁)၊ အောင်ဇေယျ(၆)လမ်း(ဝဲ)၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သော ပေ(၂၀x၆၀) အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ဦးခင်မောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ဖခင်ကြီး ဦးခင်မောင်နှင့် မိခင်ကြီး ဒေါ်တင်ကြည်တို့ ကွယ်လွန်သွားပြီးဖြစ်သဖြင့် အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြသော (၁) ဒေါ်ကျင်သန်း(WAW-၀၄၀၀၆၇)၊ (၂) ဒေါ်ခင်ညို[၇/တငန(နိုင်)၀၈၆၇၇၄]၊ (၃) ဦးစန်းငွေး [၁၀/ကတန(နိုင်)၀၉၇၁၄၀]၊ (၄) ဒေါ်စန်းစန်းဝေ [၁၂/သဃက(နိုင်)၁၂၈၉၈၅]၊ (၅) ဦးတင်ထွဋ် [၁၂/သဃက(နိုင်)၁၂၃၇၈၀]၊ (၆) ဒေါ်ချိုချိုလွင် [၁၂/သဃက(နိုင်)၁၂၃၇၈၂]တို့မှသာ အမွေဆက်ခံပိုင်ဆိုင်ပြီး၊ အဆိုပါမြေကွက်အား အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးအပ်ထားပြီးဖြစ်ရာ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**Ph:09-43114141**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ် က ရပ်ကွက်၊ သူဌေးလမ်း၊ အမှတ်(၉)၊ ၅ လွှာနေ ဒေါ်မြသက်မူ[၁၂/တမန(နိုင်) ၀၁၁၂၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ မောင်အာကာမိုးဦး[၁၂/ဒဂတ(နိုင်)၁၁၀၇၄၅]သည် မိဘ၏ ဆုံးမမှုကိုမနာခံဘဲ မိဘနှစ်ပါးလက်မခံသော အမျိုးသမီးနှင့်ပြန်လည်ပေါင်းသင်းခြင်း၊ မိဘများကိုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ၎င်း၏ စိတ်သဘောအတိုင်းပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်း၏ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂၀)**
**အမှတ်(၄၆)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၈၄၂၅၇၄၅**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၃)၊ မြေကွက်အမှတ် (၇၀၈)၊ ဦးအေးမြင့် [၁၂/မရက(နိုင်)၀၃၁၉၉၀]အမည်ပေါက် ပါမစ်မူရင်းမြေ အကျယ်အဝန်း (၄၀ပေ x၆၀ပေ)ရှိ ခြံခတ်ပြီးမြေအား ကန့်ကွက်နိုင်ပါသည်။

အထက်ဖော်ပြပါမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်များအရ ယခုလက်ရှိတရားဝင်ပိုင်ဆိုင်ထားသူ **ဒေါ်စုစုလွင် [၁၂/ကမရ(နိုင်)၀၁၉၁၅၁]** ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့အား ပေးချေပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၅) ရက်အတွင်း ၎င်းမြေကွက်နှင့် သက်ဆိုင်သည့်စာချုပ်စာတမ်းမူရင်းများအားလုံးဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တရားလွှတ်တော်ရှေ့နေ ဒေါ်တင့်တင့်ခိုင်**
**(စဉ်-၁၄၈၅၃) LL.B, DBL, DIL, CBL**
**ဖုန်း-၀၉- ၄၂၀၀၃၂၇၂၂**
**အမှတ်(၃၄၇)၊ မာလာရုံလမ်း၊ လှိုင်မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ လူနေရပ်ကွက်အမှတ်(၇၉)၊ ရွှေအင်ကြင်းလမ်း၊ မြေကွက်အမှတ်(၁၃၉၅)ဟုခေါ်တွင်သော ဧရိယာ (၄၀ပေ x၆၀ပေ) အကျယ်အဝန်းရှိ ပါမစ်မြေကွက်ကြီးမှ တရားဝင်ခွဲစိတ်ရခြင်းမရှိသေးသည့် ဧရိယာ (၂၀ပေ x ၆၀ပေ)(မြေကွက်အမှတ်(၁၃၉၄)နှင့် ကပ်လျက်တစ်ဆက်တစ်စပ်တည်းတည်ရှိသော) ခေါင်းရင်းခြမ်းမြေကွက်ကို ပိုင်ဆိုင်လက်ဝယ်ရှိသူဟု အဆိုရှိသူ ဦးဇော်ထူးအောင် [၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စည်သူ(LL.B, C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၀၆)**
**အမှတ်-၅၆၅၊ ပထမထပ် ၁၀၃/ F, MAC Tower ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၉၅၂၇၇၀၃၂**

## အများသိစေရန်ကြော်ငြာချက်

ဒေါက်တာဒေါ်နွယ်ယမင်းအောင်[၁၂/ဥကတ(နိုင်)၁၆၃၅၉၄]နှင့် ဦးနေလင်းထွန်း [၁၂/ရကန(နိုင်)၀၆၄၉၀၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်-

ဦးနေလင်းထွန်းနှင့် ဒေါက်တာ ဒေါ်နွယ်ယမင်းအောင်တို့သည် (၁၆-၂-၂၀၂၁) ရက်တွင် တရားဝင်လက်မှတ်ရေးထိုး လက်ထပ်ထားကြသော အကြင်လင်မယားများဖြစ်ကြပါသည်။ ထို့ကြောင့် ဦးနေလင်းထွန်း၏ အမည်ဖြင့်ဖြစ်စေ၊ ဒေါက်တာဒေါ်နွယ်ယမင်းအောင်၏ အမည်ဖြင့်ဖြစ်စေ တည်ရှိနေသော ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်အားလုံးတို့သည် အကြင်လင်မယားဖြစ်ကြသော ၎င်းတို့နှစ်ဦးစလုံးမှ တရားဥပဒေအရ အတူပူးတွဲ ပိုင်ဆိုင်သူများဖြစ်ကြပါသည်။

သို့ပါသောကြောင့် ခင်ပွန်းဖြစ်သူ ဦးနေလင်းထွန်းအမည်ဖြင့် တည်ရှိနေသော ကား(ယာဉ်နံပါတ်-YGN 7K 5658) Honda Fit အဖြူရောင်ကားသည် လင်မယားနှစ်ဦးမှ အတူတကွ ပူးတွဲပိုင်ဆိုင်ပါသဖြင့် အဆိုပါ (ယာဉ်နံပါတ်-YGN 7K 5658) Honda Fit အဖြူရောင်ကားအား ဦးနေလင်းထွန်းနှင့် ဒေါက်တာ ဒေါ်နွယ်ယမင်းအောင်တို့ နှစ်ဦးစလုံး၏ သဘောတူညီချက်ပါရှိမှသာ ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စသည့်ကိစ္စရပ်များမှာ ပြီးပြည့်စုံတရားဝင်အထမြောက်မည်ဖြစ်ပေရာ အကယ်၍ အကြင်လင်မယား နှစ်ဦးအနက် တစ်ဦးဦးမှ ၎င်းတစ်ဦးတည်းနှင့်သာ ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စသည်ဖြင့် မပြုလုပ်ကြပါရန်နှင့် ယခုအများသိစေရန် ကြော်ငြာပြီးနောက် အထက်ဖော်ပြပါကိစ္စရပ်များအား ပြုလုပ်ခဲ့ပါက ထိုပြုလုပ်မှုသည် တရားဝင်အထမြောက်မည်မဟုတ်ပါကြောင်းနှင့် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ခင်သီတာစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၈၂)**
**ဖုန်း-၀၉-၇၈၂၀၀၇၈၂၆**
**အမှတ်(၃၆)၊ သံတံတားလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်-(၁၁)၊သီဟသူလမ်း၊ မြေကွက်အမှတ်(၅၈၈/ခ)၊(၁၂၀၀စတုရန်းပေ)အကျယ်ရှိဒေါ်တင်လှိုင်၁၂/ဥကတ(နိုင်)၀၁၄၆၁၅ အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုအမည်ပေါက်မိခင်နှင့်ဖခင်တို့ကွယ်လွန်ပြီးနောက်တရားဝင်သားသမီးများဖြစ်ကြပြီးအမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်ကြသော(ဒေါ်ဆွေဆွေလွင်၁၂/ဥကတ(နိုင်)၀၁၄၆၁၅)+၄ ထံမှကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့် အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| | | |
|---|---|---|
| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဖွန်စိုးဦး |
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| (စဉ်-၇၇၅၇) | (စဉ်-၈၁၁၂) | (စဉ်-၁၃၂၃၅) |

တ ရား လွှတ် တော် ရှေ့ နေ များ (PYT LAW FIRM)
ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၉-၅၀၅၇၇၁၄ ၊၀၉၉၅-၅၀၅၇၇၁၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် -(၃၇)၊ မန်းသံပရာကန်လမ်း၊မြေကွက်အမှတ်(၉၈၆)၊(၀ . ၀၅၅)ဧကအကျယ်ရှိအကျယ်ရှိဦးရွှေကျော်ဖြူ ၁၂/အစန(နိုင်)၁၀၁၄၆၀အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိRC(၂)ထပ် အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး SP-(၁၂၀၀၇/၁၄-၁၂-၂၀၂၀)အရအပြီးအပိုင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူဒေါ်ခင်သက်ဦး၁၄/ကခန(နိုင်)၀၀၀၄၈၃ထံမှကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေ နှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| | | |
|---|---|---|
| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဖွန်စိုးဦး |
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| (စဉ်-၇၇၅၇) | (စဉ်-၈၁၁၂) | (စဉ်-၁၃၂၃၅) |

တ ရား လွှတ် တော် ရှေ့ နေ များ (PYT LAW FIRM)
ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၉-၅၀၅၇၇၁၄ ၊၀၉၉၅-၅၀၅၇၇၁၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၁၉၄)၊ မြေကွက်တည်နေရာအမှတ်(၁၁၉၄)၊ ဗိုလ်ချုပ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးထွန်းလွင်(NTG-၀၀၇၂၈၇) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဦးထွန်းလွင်(ဖခင်)နှင့်(မိခင်) ဒေါ်ခင်ရီတို့ ကွယ်လွန်သဖြင့် သား/သမီးများဖြစ်သော ဦးဝင်းကျော်[၁၂/ဥကတ(နိုင်)၀၉၀၈၃၂]၊ ဦးအောင်ထွန်းရီ [၁၂/ဥကတ(နိုင်)၀၉၀၂၃၄]၊ ဒေါ်သင်းသင်းဆွေ [၁၂/ဥကတ(နိုင်)၀၉၀၈၇၈]တို့မှ ကွယ်လွန်သူမိဘများတွင် သားသမီးအရင်းများဖြစ်သော မိမိတို့မောင်နှမ(၃)ဦးကိုသာ မွေးဖွားကြောင်း၊ အခြားကိတ္တိမသားသမီးအဖြစ်မွေးစားထားခြင်းမရှိကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဦးဝင်းကျော်မှ ကိုယ်တိုင်နှင့် ဦးအောင်ထွန်းရီ၊ ဒေါ်သင်းသင်းဆွေ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၀၀၃/၂၀၂၂ (၂၄-၁-၂၀၂၂)ရသူ ဦးဝင်းကျော်မှ GP ပေးသူ သက်ရှိထင် ရှားရှိကြောင်းနှင့် GP ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ ဧာတိကလမ်း၊ တိုက်အမှတ်(၂၀) အခန်း(၁၀၃)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်စိန်ထံမှ ဒေါ်ကေသီနိုင် [၈/စမန(နိုင်)၀၀၇၃၈၁]က ဝယ်ယူခဲ့ပြီး ၎င်းထံမှ ထပ်မံ၍ ဒေါ်ထွေးမြစိုး[၁၄/ပသန(နိုင်)၀၀၂၂၁၂] က ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ပါသည်။ ယခုအခါ ဒေါ်ထွေးမြစိုးမှ ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄) (နဝဒေးအိမ်ရာ)၊ မြေကွက်အမှတ်( ၇၈၀ )၊ မြေအကျယ်အဝန်း (၆၀× ၆၀) ပေ၊ အမှတ်( ၁၂ )၊ ဘလောက်-၇၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်ဟုခေါ် တွင်သော ယင်းမြေကွက်ပေါ် ရှိ မြေနှင့်အိမ် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါနှစ်(၆၀)ဂရန်မြေ၊အိမ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ရင်ရင်တင်(၁၂/ဥကမ(နိုင်)၀၉၀၅၄၆)အမည်ပေါက်ဖြစ်ပြီး လက်ရှိထားပိုင်ဆိုင်ကာ ရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံသည့်အတွက် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဦးထွန်းနိုင်ဦး(၁၃/ကခန(နိုင်) ၀၀၀၄၅၇)က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် (စရန်ငွေ)ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေလင်းထွန်း( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၁၅)**
**Ph - 09 431 59906**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-(၁၃၅၀/ ၁)၊ စက်မှုလယ်ယာ (၂)လမ်း၊ အိမ်အမှတ်(B4) ဟုခေါ်တွင်သော အကျယ်အဝန်း ပေ (၂၀x၆၀)ရှိ အမည်ပေါက် ဒေါ်မေသက်နွယ်(ဘ) ဦးထွန်းမြင့်[၁၂/ဥကတ(နိုင်)၀၀၀၉၅၂]ထံမှ အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ပါမစ်မိတ္တူခြမ်း မြေကွက်သည် ဒေါ်အေးအေးမြင့် [၁၂/မရက(နိုင်)၁၂၅၂၂၉]မှ တရားဝင် ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသော မြေကွက်ဖြစ်ကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိဟု အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းအောင်(ဘ)ဦးလှဖေ [၁၂/ဥကတ(နိုင်)၁၁၅၈၉၂]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသူအောင်(LL.B)** | **ဒေါ်တင်တင်ဌေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၅၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)** |
| **အမှတ်-(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **အမှတ်-၆၂၇၊ စောခွန်ရစ်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** |

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၆)လမ်း၊ အမှတ် -၆ နေ ဦးသက်နိုင် [၁၂/လမန(နိုင်)၀၂၃၉၇၅]၊ ဒေါ်ချိုပြုံး [၁၂/လမန(နိုင်)၁၅၃၈၉၄]၏သားဖြစ်သူ ကိုရဲအောင်ကျော်(ခ) ကိုရဲ [၁၂/လမန(နိုင်)၁၆၀၃၈၈]သည် မိဘ၏ဆိုဆုံးမမှု ကို နာခံမှုမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား (လုံးဝ) တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသက်နိုင်**
**ဒေါ်ချိုပြုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံ အုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာတည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသောမျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

၁၂-၂-၂၀၂၂

## ဆီးဂိမ်း ဖူဆယ်အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲဆက်

**ရန်ကုန် မေ ၁၆**

ဆီးဂိမ်းအမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုတတိယနေ့ကို မေ ၁၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲဆက်ခဲ့သည်။

အုပ်စုတတိယနေ့တွင် အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲတွင် အင်ဒိုနီးရှားကို ဂိုးပြတ်ရှုံးနိမ့်ထားသောကြောင့် ယခုပွဲတွင် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့ပြီး နာမည်ကြီးထိုင်းအသင်းကို ကျဉ်းမြောင်းသည့် ဂိုးရလဒ်ဖြင့်သာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ပထမပိုင်းကတည်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေပြီး ဒုတိယပိုင်းတွင် ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို သိုင်းဘွဲ့အောင်က သွင်းယူခဲ့သည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ✻



မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။



မလေးရှားနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်နေစဉ်။

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံး

### ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်နှင့် မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့ တွေ့ဆုံနေပြီး မေ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် မေ ၁၆**

ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)နောက်ဆုံးနေ့ကို မေ ၁၆ ရက်က ဆက်လက်ကျင်းပရာ ထိုင်းနှင့် မလေးရှားအသင်းတို့ ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

အုပ်စုနောက်ဆုံးနေ့တွင် မလေးရှားနှင့် ကမ္ဘောဒီးယားအသင်း နှစ်ဂိုးစီသရေကျပြီး ထိုင်းအသင်းက လာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မလေးရှားအသင်းသည် ထိုင်း၊ လာအိုကို နှစ်ပွဲဆက်အနိုင်ရခဲ့သော်လည်း နောက်ဆုံးနှစ်ပွဲတွင် စင်ကာပူနှင့် ကမ္ဘောဒီးယားကို သရေကျခဲ့သဖြင့် အုပ်စုဒုတိယဖြင့်သာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင်လည်း ကမ္ဘောဒီးယားအသင်း၏ နှစ်ကြိမ်တိုင် ဦးဆောင်ခြင်းကို ခံခဲ့ရပြီး ချေပဂိုးပြန်သွင်းနိုင်သဖြင့် သရေတစ်မှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မလေးရှားအသင်း၏ သရေရလဒ်ကြောင့်

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ○

## ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ဆောင်နန်းခဲကျေးရွာရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား PDF အမည်ခံအကြမ်းဖက်သမားများက ဝင်ရောက်မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၁၆**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ လမ်း၊ တံတား ဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသည့် နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ဆောင်နန်းခဲကျေးရွာရှိ အပြစ်မဲ့ပြည်သူများ၏နေအိမ်များအား ယနေ့ညနေပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက အနောက်ဘက်အင်းဘက်ရှိ ဟိုတိန်းတောင်ကျေးရွာဘက်မှ လှေများဖြင့် ရောက်ရှိလာခဲ့ပြီး ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မီးရှို့ဖျက်ဆီးလျက်ရှိသည်ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူတစ်ဦးက

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ✪

**ယနေ့** ဖတ်စရာ

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံအပေါ် အမိန့်ချမှတ်**

စာမျက်နှာ » ၁၅

**ဆီးဂိမ်း ဘီလီယက်တစ်ဦးချင်းပြိုင်ပွဲတွင် ပေါက်စ ဗိုလ်လုပွဲ တက်ရောက်**

စာမျက်နှာ » ၁၇